၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်
စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
ဆောင်ရွက်ချက်များ

၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



# ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်
# စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
# ဆောင်ရွက်ချက်များ



၂၀၂၃ ခုနှစ်၊ မေလ

## နှစ်ပတ်လည်အစီရင်ခံစာ

ဤအစီရင်ခံစာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုကို အများပြည်သူသိရှိစေရန် ရည်ရွယ်ပါသည်။

ဤအစီရင်ခံစာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ပြည်နယ်/တိုင်းဒေသကြီး အားလုံးရှိ ကျေးလက်ဒေသများတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ လုပ်ငန်းဆောင်ရွက်ချက် များအား ကိန်းဂဏန်း၊ သတင်းအချက်အလက်များဖြင့် ဖော်ပြထားပါသည်။

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်ချက်များသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေးပန်းတိုင် (SDGs)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (MSDP)နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (NCDP)တို့နှင့် ကိုက်ညီပြီး ကျေးလက် ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ကြောင်းတွေ့မြင်နိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ပြုစုလျက် ရှိရာ နောက်လာမည့်ဘဏ္ဍာရေးနှစ်များတွင်လည်း ဆက်လက်ရေးသားပြုစုသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

# မာတိကာ

**နိဒါန်း** ...... ၁
**မျှော်မှန်းချက်** ...... ၂
**ရည်မှန်းချက်** ...... ၂
**မူဝါဒ** ...... ၂
**လုပ်ငန်းတာဝန်များ** ...... ၃
**ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်** ...... ၄
**မူဝါဒ၊ ရည်မှန်းချက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ** ...... ၅
**ကျေးလက်ဥပဒေနှင့်နည်းဥပဒေကဏ္ဍဆောင်ရွက်ထားရှိမှုအခြေအနေ** ...... ၇
**ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်** ...... ၈
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ချက်များ** ...... ၁၀
**ဦးစီးဌာန ရုံးဌာနဖွဲ့စည်းပုံနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး** ...... ၁၁
**၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်နိုင်မှုအခြေအနေ** ...... ၁၄
**ကျေးလက်ဒေသသောက်သုံးရေရရှိရေးဆောင်ရွက်ချက်များ** ...... ၁၅
**မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း** ...... ၁၆
**ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ချက်များ** ...... ၁၇
**ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများတည်ဆောက်ခြင်း** ...... ၁၈
**ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း** ...... ၁၉
**မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY)** ...... ၁၉
**မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ ရန်ပုံငွေပယ်ဖျက်ခွင့်တင်ပြဆောင်ရွက်မှုအခြေအနေ** ...... ၂၂
**စောင့်ကြည့်စစ်ဆေးမှုနှင့် အကဲဖြတ်သုံးသပ်မှု (M&E, MIS)** ...... ၂၄
**Exit Strategy ရေးဆွဲဆောင်ရွက်မှု** ...... ၂၄
**Digital ငွေပေးချေမှုစနစ်ဆောင်ရွက်မှု** ...... ၂၅
**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (Village Development Project-VDP)** ...... ၂၆
**ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(SMART Village)** ...... ၂၈
**ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(Rural Business Fund-RBF)** ...... ၂၉
**Cash for Work စီမံကိန်း** ...... ၃၀
**လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project-NCDDP)** ...... ၃၁
**အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း** ...... ၃၂
**ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း** ...... ၃၃
**ပြည်ပနိုင်ငံများသို့ မဟာဘွဲ့၊ လေ့လာရေးနှင့် ဆွေးနွေးပွဲ တက်ရောက်ရန်စေလွှတ်မှု** ...... ၃၄
**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း** ...... ၃၄

**ထူးခြားစွာဆောင်ရွက်နိုင်မှုများ** ........ ၃၆
**အလျင်အမြန်အောင်မြင်မှု (Quick Win) အစီအစဉ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ** ........ ၃၆
**ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်** ........ ၃၇
**ရှမ်းမြို့နယ်၏ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအစီအစဉ်** ........ ၃၈
**တော်ဝင်မိုင်းယောင်းအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဆောင်ရွက်မှုအခြေအနေ** ........ ၄၀
**မြေသြဇာများ တင်သွင်းဖြန့်ဖြူးရောင်းချမှု** ........ ၄၀
**အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုများ** ........ ၄၁
**အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CIRDAP)** ........ ၄၃
**သတင်းထုတ်ပြန်နိုင်မှုအခြေအနေ** ........ ၄၅
**နိဂုံး** ........ ၄၅

**နှစ်ပတ်လည်အစီရင်ခံစာ အကျဉ်းချုပ်**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေးအတွက် ရေးဆွဲထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ပါလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီစဉ်ဆက်မပြတ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာလတို၊ ကာလလတ်စီမံကိန်း အစီအစဉ်များရေးဆွဲပြီး အရှိန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျေးလက်နေပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအား ပံ့ပိုးမြှင့်တင်ပေးခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မိသားစုများဝင်ငွေတိုးပွားလာစေရန်တို့အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထူထောင်ပေးခြင်း၊ ကျေးလက်ဒေသများ၌ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကျေးလက်စီးပွားရေးနှင့် ကျေးလက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုထောက်ပံ့ပေးခြင်း စသည့်လုပ်ငန်းများကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ကျေးလက်နေပြည်သူလူထုများနှင့်အတူ နီးနီးကပ်ကပ်ပူးပေါင်း၍ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်ရေရရှိရေးလုပ်ငန်း(၂,၀၅၈)ခု၊ ကျေးလက်မီးလင်းရေးကျေးရွာ(၉၉၃)ရွာ၊ ကုန်ထုတ်လမ်း(၇၈၉/၁)မိုင်၊ တံတား(၁,၁၉၃)စင်း၊ ကျေးလက်အိမ်ရာ(၇၇)လုံး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(၁၃၉)ယူနစ်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(၃,၀၁၉)ရွာ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း(၄၃)ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကျေးရွာယူနစ် (၃၆)ယူနစ်၊ Cash for Work စီမံကိန်း(၂၂၀)ရွာ၊ လူထုဗဟိုပြုစီမံကိန်း(၁၁)မြို့နယ်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း (၆၇၅)ကြိမ်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထို့ပြင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(၄၉၇)ယူနစ်၊ ဆိုလာစနစ်စိုက်ပျိုးရေရရှိရေးလုပ်ငန်း (၁၂၂)ခု၊ ကုန်ထုတ်လမ်း(၁၂/၄)မိုင်နှင့် ကုန်ထုတ်တံတား (၁၆)စင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်အပေါ် အခြေခံ၍ ဝန်ကြီးဌာနနှင့်ဦးစီးဌာနမှချမှတ်ထားသော မူဝါဒရည်မှန်းချက်များနှင့်အညီ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကဏ္ဍအလိုက်နှင့် ဒေသအလိုက်စီမံကိန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်သူအားလုံးပူးပေါင်းပါဝင်မှုဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ
# (၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုအများဆုံးခံစားရသည့် ဒေသများမှာ ကျေးလက်ဒေသများဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို လျှော့ချနိုင်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် အရေးပါသောကဏ္ဍတွင်ပါဝင်လျက်ရှိပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် **ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကဏ္ဍ**အဖြစ် (ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်း၊ ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်း၊ ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်း)၊ **ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့်ဝင်ငွေမြှင့်တင်ရေးကဏ္ဍ**အဖြစ်(မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း၊ လူထုဗဟိုပြုစီမံကိန်း၊ Cash for Work စီမံကိန်း)နှင့် **စွမ်းဆောင်ရည်မြှင့်တင်ပေးရေးကဏ္ဍ** အဖြစ် နည်းပညာသင်တန်းများနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကျေးလက်ဒေသစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ရေးဆွဲချမှတ်ခဲ့ပြီး ကုလသမဂ္ဂက ချမှတ်ထားသည့် Sustainable Development Goals (SDGs)၊ နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် Myanmar Sustainable Development Plan(MSDP)၊ မိမိတို့ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်တို့နှင့်အညီ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်ထားသည့် Agricultural Development Strategy (ADS)ပါ ထပ်ဆင့်ရလဒ်များ ဖြစ်သည့် (၁.၁၊ ၁.၉၊ ၃.၁၊ ၃.၄၊ ၃.၅) တို့နှင့်လည်း ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

## မျှော်မှန်းချက်

၃။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်။

## ရည်မှန်းချက်

၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရည်မှန်းချက်များမှာ-

(က) ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊

( ခ) ဌာနဝန်ထမ်းများနှင့် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ရန်၊

( ဂ) ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် ကျေးလက်နေပြည်သူများမှ လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေရန်တို့ ဖြစ်ပါသည်။

## မူဝါဒ

၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မူဝါဒများမှာ -

(က) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လယ်ယာ၊သားငါး အထောက်အကူပြုကုန်ထုတ်လမ်းသွယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ မဟာဓါတ်အားလိုင်းပြင်ပကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(ခ) ကျေးလက်ဒေသ၌ အခြားလူမှုရေးဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် ဆောင်ရွက်သွားမည်။

(ဂ) ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် စဉ်ဆက်မပြတ် ဘဏ္ဍာငွေအရင်းအမြစ်ရရှိစေရန်၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (Revolving Fund)၊ လူထုတိုက်ရိုက်ထောက်ပံ့ငွေ(Block Grant)များ ထူထောင်ဆောင်ရွက်ပေးမည်။

(ဃ) ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အထောက်အကူပြု ဖြည့်ဆည်းနိုင်စေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားမည်။

(င) အရေးပေါ်အခြေအနေနှင့် သဘာဝအန္တရာယ် ကျရောက်မှုကြောင့် အိုးအိမ်ပျက်စီး ဆုံးရှုံးသွားသော ကျေးလက်ပြည်သူများအတွက် ကျေးလက်အိမ်ရာများ၊ ယင်လုံ အိမ်သာများ ဆောက်လုပ်သွားမည်။

(စ) ဝန်ထမ်းများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ကောင်းမွန်သောစီမံအုပ်ချုပ်မှုယန္တရား တိုးတက်ဖြစ်ပေါ်စေရေးနှင့်သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေးဆောင်ရွက်သွားမည်။

(ဆ) ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် သက်ဆိုင်သူများ (Stakeholders) အားလုံးနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်။

## လုပ်ငန်းတာဝန်များ

၆။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ -

(၁) ကျေးလက်ဒေသ သောက်သုံးရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊

(၂) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(၃) ကျေးလက်ကုန်ထုတ်လမ်းတံတားများ တည်ဆောက်ရေး၊

(၄) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေး၊

(၅) ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့်စီးပွားရေးလုပ်ငန်းများ ဖော် ထုတ်ဆောင်ရွက်ရန်အတွက် အရင်းမပျောက်မတည်ရန်ပုံငွေထူထောင်ပေးရေး၊

(၆) ကျေးလက်ဒေသနေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရေး၊

(၇) ကျေးလက်ဒေသနေပြည်သူများကိုယ်တိုင်ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်နိုင် မည့် အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုဖော်ဆောင်ပေးရေး၊

(၈) ကျေးလက်ဒေသနေပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိမ်တွင်းလေထု ညစ်ညမ်းမှုကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊

(ဇ) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေး အရင်းအနှီးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ဈေးကွက်ရရှိနိုင်ရန်နှင့် တန်ဘိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊

**ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်**

၇။ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်မှန်း၍ ကုလ သမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊INGOs၊NGOs၊ပြည်တွင်း/ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများဖြင့် ဆွေးနွေးတိုင်ပင်၍ **ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်နှင့်အင်္ဂမဟာဗျူဟာ(၅)ရပ်**ကိုရေးဆွဲချမှတ်ခဲ့ပါသည်။


(က) မဟာဗျူဟာ(၁)။ ဦးစားပေးရွေးချယ်၍ ဘက်ပေါင်းစုံထိရောက်စွာ အကောင် အထည်ဖော်ဆောင်ရွက်ရေး မဟာဗျူဟာ၊

(ခ) မဟာဗျူဟာ(၂)။ ထပ်ပေါင်းနှင့် ထပ်ပွားဖွံ့ဖြိုးရေးရလဒ်များ ဖြစ်ထွန်းတိုးတက် ရေး မဟာဗျူဟာ၊

(ဂ) မဟာဗျူဟာ(၃)။ ကောင်းမွန်သော ကျေးလက်ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ချမှတ် ဆောင်ရွက်သွားရန် မဟာဗျူဟာ၊

(ဃ) မဟာဗျူဟာ(၄)။ စဉ်ဆက်မပြတ်ဘဏ္ဍာရေးအရင်းအမြစ်များရရှိရေးမဟာဗျူဟာ၊

(င) မဟာဗျူဟာ(၅)။ ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး မဟာဗျူဟာ။



## မူဝါဒ၊ ရည်မှန်းချက်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ

၈။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်ပါ လုပ်ငန်းများအပြင် နိုင်ငံတော်ကရေးဆွဲထားသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)၏ ပန်းတိုင် (၁) ဖြစ်သည့်ဆင်းရဲမှုပပျောက်ရေး၊ ပန်းတိုင် (၅) ဖြစ်သည့် ကျား၊မတန်းတူညီမျှမှုရှိစေရေး၊ ပန်းတိုင် (၆) ဖြစ်သည့် ပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေနှင့် ကျန်းမာရေးအခြေခံဝန်ဆောင်မှုများကိုလက်လှမ်းမီသုံးစွဲနိုင်စေရေး၊ ပန်းတိုင် (၇) ဖြစ်သည့် ခေတ်မီစွမ်းအင်ကိုရရှိသုံးစွဲနိုင်စေရေး၊ ပန်းတိုင် (၈) ဖြစ်သည့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်စေရေးနှင့်ပန်းတိုင်(၉)ဖြစ်သည့်တံ့ပြန်စွမ်းအားကောင်းသောလူမှုအဖွဲ့အစည်း ဖြစ်ပေါ်လာစေရေးတို့နှင့်လည်းကောင်း၊အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများ(NCDP)၏ ပန်းတိုင်(၅) ဖြစ်သည့်ဒေသဆိုင်ရာစီးပွားရေးအလားအလာဖွံ့ဖြိုးရေးနှင့် ဒေသတွင်းမညီမျှမှုများကို လျှော့ချခြင်းနှင့် ပန်းတိုင် (၆) ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ခြင်း၊ ဆင်းရဲမှုနှင့်မညီမျှမှုလျှော့ချခြင်းတို့နှင့်လည်းကောင်း အောက်ပါအတိုင်းချိတ်ဆက်လျက်ရှိပါသည်-

| စဉ် | လုပ်ငန်းစဉ် | MSDP၊ NCDP တို့နှင့် ချိတ်ဆက်မှု | SDGs နှင့် ချိတ်ဆက်မှု |
|---|---|---|---|
| ၁ | ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | မဟာဗျူဟာ(၅.၃)၊ လုပ်ငန်းစဉ်(၅.၃.၃)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၆.၁) |
| ၂ | မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း | မဟာဗျူဟာ(၅.၄)၊ လုပ်ငန်းစဉ်(၅.၄.၁)(၅.၄.၂)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၇.၁) |
| ၃ | စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လမ်း တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင် ထိန်းသိမ်းခြင်း | မဟာဗျူဟာ(၃.၆)၊ လုပ်ငန်းစဉ်(၃.၆.၁၀)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၂.၃) |
| ၄ | ကျေးလက်ဒေသအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြုပြင်တည် ဆောက်ပေးခြင်း | မဟာဗျူဟာ(၁.၂)၊ လုပ်ငန်းစဉ်(၁.၂.၁)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၁.၅) |
| ၅ | ကျေးလက်ဒေသနေပြည်သူများအလုပ်အကိုင် ရရှိ ရေးနှင့်စီးပွားရေးလုပ်ငန်းများ ဖော်ထုတ် | မဟာဗျူဟာ(၄.၃)၊ လုပ်ငန်းစဉ်(၄.၃.၉)၊ | ရည်မှန်းချက် (၈.၃)၊ (၉.၃) |

| စဉ် | လုပ်ငန်းစဉ် | MSDP၊ NCDP တို့နှင့် ချိတ်ဆက်မှု | SDGs နှင့် ချိတ်ဆက်မှု |
|---|---|---|---|
| | ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည် ရန်ပုံငွေထူထောင်ပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ | NCDP မဟာဗျူဟာ ၅၊ ၆ | |
| ၆ | ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့်ဒေသထွက်ကုန်များဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးခြင်း၊ | မဟာဗျူဟာ(၃.၁)၊ (၄.၃)၊ လုပ်ငန်းစဉ်(၃.၁.၈)၊ (၄.၃.၁၀)၊ NCDP မဟာဗျူဟာ ၆ | ရည်မှန်းချက် (၈.၂)၊(၈.၆) |
| ၇ | ကျေးလက်ပြည်သူများကိုယ်တိုင်ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အသေးစားအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဝင်ငွေတိုး လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ပေးခြင်း၊ | မဟာဗျူဟာ(၁.၅)၊ လုပ်ငန်းစဉ်(၁.၅.၄)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၈.၃)၊ (၉.၁)၊ (၉.၃) |
| ၈ | သဘာဝဘေးအန္တရာယ် ကာကွယ်တုံ့ပြန်နိုင်စွမ်းအားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန် ကူညီဆောင်ရွက်ခြင်း၊ | မဟာဗျူဟာ(၃.၁)၊ လုပ်ငန်းစဉ်(၃.၁.၉)၊ NCDP မဟာဗျူဟာ ၅ | ရည်မှန်းချက် (၁၃.၁) |
| ၉ | ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ | မဟာဗျူဟာ(၁.၅)၊ လုပ်ငန်းစဉ်(၁.၅.၂)၊ (၁.၅.၄)၊ NCDP မဟာဗျူဟာ ၅၊ ၆ | ရည်မှန်းချက် (၁၆.၆)၊(၁၆.၇) |
| ၁၀ | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် အစီရင်ခံစာပြုစုတင်ပြခြင်း၊ | MSDP တွင် ဖော်ပြထားသောစောင့်ကြပ်ကြည့်ရှုခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းအပိုင်း | |

| စဉ် | လုပ်ငန်းစဉ် | MSDP၊ NCDP တို့နှင့် ချိတ်ဆက်မှု | SDGs နှင့် ချိတ်ဆက်မှု |
|---|---|---|---|
| ၁၁ | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်း အရပ်ရပ်ကိုဆောင်ရွက်ခြင်း၊ | မဟာဗျူဟာ(၃.၇)၊ လုပ်ငန်းစဉ်(၃.၇.၅)၊ NCDP မဟာဗျူဟာ ၅ | |

**ကျေးလက်ဥပဒေနှင့်နည်းဥပဒေကဏ္ဍဆောင်ရွက်ထားရှိမှုအခြေအနေ**

၉။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ (၃၉/ ၂၀၁၉ ခုနှစ်) ဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

၁၀။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အိမ်စောင့်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၁)ဖြင့် (၂၉.၉.၂၀၂၁) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများတွင် အခန်း (၁၆)ခန်း၊ နည်းဥပဒေ (၁၁၇)ပိုဒ်ပါရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများ အား နည်းဥပဒေရေးထုံးရေးနည်းများနှင့်ညီညွတ်မှုရှိစေရန် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနသို့ (၇-၂-၂၀၂၂) ရက်နေ့တွင် ညှိနှိုင်းပေးပို့ခဲ့ရာ ဌာနသုံး ဝေါဟာရများ မှန်ကန်မှုရှိ/ မရှိစိစစ်၍ ပြင်ဆင်ညှိနှိုင်းသင့်သည့် အကြံပြုချက်များအား မှင်နီဖြင့် မှတ်ချက်ပြုကာ ပြင်ဆင်ရန် (၂၉-၇-၂၀၂၂)ရက်နေ့တွင် ပြန်လည်ပေးပို့လာပါသည်။ အဆိုပါ အကြံပြုချက်များအပေါ် ဦးစီးဌာနမှပြန်လည်စိစစ်ပြင်ဆင်၍ ဥပဒေရေးရာဝန်ကြီးဌာနသို့ (၃၁-၈-၂၀၂၂) ရက်နေ့တွင် နောက်ဆုံးအကြိမ်စိစစ်ပေးနိုင်ပါရန် ပြန်လည်ညှိနှိုင်းပေးပို့ခဲ့ရာ (၇-၁၀-၂၀၂၂)ရက်နေ့တွင် ဥပဒေရေးရာဝန်ကြီးဌာနမှ စိစစ်ပြင်ဆင်ချက်ဇယားနှင့်အတူ ပေးပို့လာခဲ့ပါသည်။ ယင်းစိစစ်ချက်အား ဌာနရှိဌာနခွဲများသို့ပေးပို့၍ ဌာနသုံးဝေါဟာရများနှင့်မှန်ကန်မှုရှိ/မရှိ ပြန်လည်စိစစ်၍ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ခဲ့ပြီးဖြစ်ပါသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနည်းဥပဒေများအား အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေ၍ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများထံ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

## ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်

၁၁။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရန်အတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရန်နှင့် ဦးစီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးယန္တရားစနစ် (Integration Mechanism)ချမှတ်ဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ရှိရေးဆွဲချမှတ်ထားသော မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ မဟာဗျူဟာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအင်အား၊ ရန်ပုံငွေရရှိမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် အကဲဖြတ်သုံးသပ်ပြီး ပိုမိုကောင်းမွန် ထိရောက်သော ဒေသအကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်အဖြစ် အောက်ဖော်ပြပါ လုပ်ငန်းစဉ်အချက်(၂၀)အား ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(၁) ခွင့်ပြုဖွဲ့စည်းပုံအတွင်းမှ နှစ်စဉ်ဝန်ထမ်းအသစ်များ ခန့်ထားခြင်းနှင့် ဝန်ထမ်းနည်းပါးသော မြို့နယ်များအား ခရိုင်ကျေးလက်ရုံးများမှ ဝင်ရောက်ကူညီလုပ်ကိုင်စေခြင်း၊

(၂) ဦးစီးဌာနခရိုင်ရုံးနှင့် မြို့နယ်ရုံးများ ဆောက်လုပ်နိုင်ရန် နှစ်စဉ်ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအလိုက် ထည့်သွင်းလျာထားခြင်း၊

(၃) သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များတွင် လက်ရှိဝန်ထမ်းများအား ဘဏ္ဍာရေးဆိုင်ရာသင်တန်းများအား စာရင်းစစ်ချုပ်ရုံး၊ သမဝါယမတက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်ပို့ချခြင်း၊ အင်ဂျင်နီယာပိုင်းဆိုင်ရာနည်းပညာသင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပေးခြင်း၊ အသက် မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပသင်တန်းများ တက်ရောက်စေခြင်း၊ လေ့လာရေးခရီးစေလွှတ်ခြင်း၊

(၄) ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ပိုမိုရရှိရေးအတွက်ဦးစီးဌာနမှ သက်ဆိုင်ရာအစိုးရအဖွဲ့များထံ တင်ပြခြင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှလည်း ညှိနှိုင်းပေးရန်တင်ပြခြင်း၊

(၅) ရုံးသုံးပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်စက်ယန္တရားများ၊ ကွန်ပျူတာများ၊ M&E, MIS ဆိုင်ရာ Softeware များ ဝယ်ယူဆောင်ရွက်နိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေလျာထားပြီး ဦးစားပေးလိုအပ်ချက်အလိုက် လဲလှယ်ပံ့ပိုးဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(၆) ကျေးရွာနှင့်ဈေးကွက်၊ ကျေးရွာနှင့်မြို့ပြချိတ်ဆက်ပေးသည့် လမ်းကွန်ယက်များ ချိတ်ဆက်ပေးနိုင်ရေး ကျေးလက်လမ်းဦးစီးဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ထုတ်လမ်းများအပြင် ကျေးရွာချင်းဆက်လမ်းများဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရထံ ရန်ပုံငွေတင်ပြတောင်းခံခြင်းနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများထံ အကူအညီများတောင်းခံခြင်း၊

(၇) လမ်း၊ တံတား၊ ရေပေးရေးနှင့် မီးလင်းရေးဆိုင်ရာ သုတေသနလုပ်ငန်း (Research and Development) များပြုလုပ်နိုင်ရန်၊ ရေပေးရေးဆိုင်ရာစက်ပစ္စည်းများ အစားထိုးနိုင်ရန်နှင့် ဘေးကင်းသော သောက်သုံးရေရရှိရေး(Better Services) ဆောင်ရွက်နိုင်ရန်တို့အတွက် ဦးစီးဌာနရန်ပုံငွေတွင် နှစ်စဉ်လျာထားခြင်း၊

(၈) မဟာဓာတ်အားလိုင်းပြင်ပမီးလင်းရေးအတွက် လိုအပ်သော ရန်ပုံငွေများကို ဦးစီးဌာနဘတ်ဂျက်တွင် နှစ်စဉ်တိုးမြှင့်လျာထားခြင်း၊

(၉) လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများ အရည်အသွေးစမ်းသပ်စစ်ဆေးရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုအပ်သော ဓာတ်ခွဲခန်းများကို ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလျှင် ဓာတ်ခွဲခန်း(၁)ခုစီတည်ထောင်ခြင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများအတွက် ရန်ပုံငွေလျာထားခြင်း၊ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားနေရာချထားခြင်းနှင့် ကျွမ်းကျင်ပညာရှင်များ၊ တက္ကသိုလ်များနှင့် ချိတ်ဆက်ခြင်း၊

(၁၀) VDP စီမံကိန်းကျေးရွာများမှထွက်ရှိလာသည့် ဦးစားပေးစီမံချက်များကို ကဏ္ဍအလိုက်စာရင်းပြုစု၍ သက်ဆိုင်ရာမြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ဘတ်ဂျက်တွင်နှစ်စဉ်ဘဏ္ဍာငွေရရှိရေး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြ၍ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၁၁) ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ ကျေးလက်ဦးစီးဌာနဘတ်ဂျက်တွင် စီမံကိန်းရန်ပုံငွေ ထည့်သွင်းလျာထားခြင်း၊

(၁၂) စီမံကိန်းလုပ်ငန်းများတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုအားကောင်းနိုင်စေရန်နှင့် အမျိုးသမီးခေါင်းဆောင်များထွက်ပေါ်လာနိုင်စေရန် အားပေးခြင်း၊ စီမံကိန်းအစီအစဉ်များအား အမျိုးသမီးများ ပါဝင်ဆွေးနွေးနိုင်စေရန် အခွင့်အလမ်းများပေးခြင်း၊

(၁၃) သက်မွေးသင်တန်းများ ဖွင့်လှစ်ခြင်းမပြုမီ ဈေးကွက်၏လိုအပ်ချက်ကိုလေ့လာ၍ ဈေးကွက်နှင့်ဒေသ၏လိုအပ်ချက်နှင့်ကိုက်ညီသော သင်တန်းအမျိုးအစား ရွေးချယ်ခြင်း၊

အမှန်တကယ်လုပ်ငန်းလည်ပတ်ဆောင်ရွက်မည့် သင်တန်းသားများ ရွေးချယ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်း၊ အဆင့်မြင့်သင်တန်းများ၊ အခြားနည်းပညာနှင့် သင်တန်းများအား ဆက်လက်ဖွင့်လှစ်သင်ကြားခြင်း၊

(၁၄) စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမသင်တန်းကျောင်းများ၊ ယက်ကန်းနှင့် သက်မွေးသင်တန်းကျောင်းများအပါအဝင် ဆက်စပ်ဦးစီးဌာနများနှင့် ချိတ်ဆက်၍ Resource Person ရယူခြင်း၊ နည်းပညာအကူအညီရယူခြင်း၊ သင်တန်းများပူးပေါင်းဖွင့်လှစ်ခြင်း၊

(၁၅) သင်တန်းဆင်း ရွာသူ/သားများအနေဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရန် လိုအပ်သည့်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးနိုင်ရန် ဦးစီးဌာနရန်ပုံငွေတွင် ထည့်သွင်းလျာထားခြင်း၊ မြစိမ်းရောင်စီမံကိန်းနှင့်ချိတ်ဆက်၍ အတိုးနှုန်းသက်သာသော ချေးငွေများထောက်ပံ့ပေးခြင်း၊ သမဝါယမဦးစီးဌာနနှင့်ချိတ်ဆက်၍ သမဝါယမအသင်းအဖွဲ့ဖွဲ့စည်းခြင်း၊ သမဝါယမအသင်းများ၊ အသေးစားချေးငွေလုပ်ငန်းများနှင့်အခြား အရင်းအမြစ်များနှင့်ချိတ်ဆက်၍ လုပ်ငန်းပစ္စည်းနှင့် ရန်ပုံငွေရရှိရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၁၆) ပုဂ္ဂလိကလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ကုမ္ပဏီများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ စျေးကွက်နှင့်အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ခြင်း၊

(၁၇) အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆိုင်ရာလုပ်ငန်းလက်စွဲစာစောင် (Operation Manual) ရေးဆွဲပြုစုခြင်း၊

(၁၈) ဦးစီးဌာန၏စီမံကိန်းကျေးရွာများအပေါ် အနီးကပ်ကြီးကြပ်မှုအခန်းကဏ္ဍအား ဖြေလျှော့ပေးနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း Exit Strategy ရေးဆွဲခြင်း၊

(၁၉) Monitoring လုပ်ငန်းစဉ်များကို အချိန်နှင့်တပြေးညီ စောင့်ကြည့်စစ်ဆေးအကဲဖြတ်သုံးသပ်နိုင်ရန် M&E-MIS စနစ်နှင့် Mobile Application ထူထောင်ခြင်း၊

(၂၀) စီမံကိန်းရန်ပုံငွေများအား ထုတ်ချေးပေးခြင်းနှင့် အတိုး/အရင်း ပြန်လည်ပေးဆပ်ခြင်းများဆောင်ရွက်ရာတွင် ငွေကြေးလုံခြုံမှုရှိစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း Digital စနစ်သုံး Mobile Financial Payment ဆောင်ရွက်ခြင်း။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဖွဲ့စည်းဆောင်ရွက်ချက်များ**


၁၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အိမ်စောင့်အစိုးရအဖွဲ့)သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်

ကိုကျင့်သုံး၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (ဗဟိုကြီးကြပ်မှု ကော်မတီ)အား သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်(၂၆)ဦးပါဝင်သော အမိန့်ကြော်ငြာစာအမှတ် ၁၅၃/၂၀၂၂ အား (၂၂.၉.၂၀၂၂) ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီ၏လုပ်ငန်းတာဝန်အနေဖြင့် ဥပဒေပုဒ်မ (၅)အရ လုပ်ငန်း တာဝန် (၈)ရပ်နှင့် နည်းဥပဒေ(၆၈)အရ လုပ်ငန်းတာဝန် (၁၂)ရပ်ရှိပါသည်။

၁၃။ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၇.၁.၂၀၂၃) ရက်နေ့တွင် ပြည်ထောင်စု ဝန်ကြီးဦးဆောင်မှုဖြင့် ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီးဌာန (၁၂)ခုမှ တာဝန်ရှိသူများ၊ ဘာသာရပ် ဆိုင်ရာကျွမ်းကျင်ပညာရှင်(၃)ဦး၊ စုစုပေါင်းကော်မတီဝင်(၂၆)ဦးတို့ဖြင့် ရုံးအမှတ်(၁၆) ပြည်ထောင်စု ဝန်ကြီးရုံး၊ စုပေါင်းအစည်းအဝေးခန်းမတွင် တတိယအကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ ဆုံးဖြတ်ချက် (၁၇)ချက်ချမှတ်နိုင်ခဲ့ပါသည်။

**ဦးစီးဌာန ရုံးဌာနဖွဲ့စည်းပုံနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး**

၁၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်း အဝေးအမှတ်စဉ် (၆/၂၀၂၂)အရ (၂၂.၈.၂၀၂၂)ရက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာန (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ရုံး (၁၇)ရုံး၊ ခရိုင်ရုံး(၁၁၀)ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံး(၅)ရုံး၊ မြို့နယ်ရုံး(၂၉၃)ရုံး၊ စုစုပေါင်း (၄၂၆)ရုံး တို့ကို ဖွဲ့စည်းပုံခွင့်ပြုအင်အား အရာထမ်း(၁၅၄၇)နေရာ၊ အမှုထမ်း(၉၉၉၇)နေရာ၊ စုစုပေါင်း (၁၁၅၄၄)နေရာဖြင့် ဖွဲ့စည်းထားရှိပါသည်။



## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုဖွဲ့စည်းပုံ

| တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ်ရုံး | ၁၇ |
| ခရိုင်ရုံး | ၁၁၀ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး | ၅ |
| (က)အဆင့်မြို့နယ်ရုံး | ၆၂ |
| ( ခ )အဆင့်မြို့နယ်ရုံး | ၁၉၀ |
| ( ဂ )အဆင့်မြို့နယ်ရုံး | ၄၁ |

၁၅။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းသစ်(၃၅၁)ဦးကို ခန့်ထားနိုင်ခဲ့ပြီး အခြားဌာနများမှ ဌာနကူးပြောင်းဆန္ဒပြုဝန်ထမ်း(၆)ဦးကို ဌာနကူးပြောင်းလက်ခံခဲ့ပါသည်။ ဝန်ထမ်းအင်အားခန့်ထားမှုအနေဖြင့် တစ်နိုင်ငံလုံးတွင် အရာထမ်း၊ အမှုထမ်းခွင့်ပြုအင်အား (၁၁၅၄၄)နေရာရှိသည့်အနက် အရာထမ်း(၁၂၈၇)ဦး၊ အမှုထမ်း(၃၅၈၉)ဦး၊ စုစုပေါင်း (၄၈၇၆)ဦး ခန့်ထားပြီးဖြစ်၍ ခန့်ထားမှုရာခိုင်နှုန်း (၄၂.၂၄%)ဖြစ်ပါသည်။

### ဝန်ထမ်းအင်အားခန့်ထားမှုအခြေအနေ

| အကြောင်းအရာ | ခွင့်ပြု | | | ခန့်ထား | | | လစ်လပ် | | | ခန့်ထားပြီး (%) |
|---|---|---|---|---|---|---|---|---|---|---|
| | အရာထမ်း | အမှုထမ်း | ပေါင်း | အရာထမ်း | အမှုထမ်း | ပေါင်း | အရာထမ်း | အမှုထမ်း | ပေါင်း | |
| ရုံးချုပ် | ၁၂၀ | ၃၄၃ | ၄၆၃ | ၁၁၅ | ၂၂၈ | ၃၄၃ | ၅ | ၁၁၅ | ၁၂၀ | ၇၄.၀၈ |
| ပြည်နယ်/ တိုင်း၊ ခရိုင်၊ မြို့နယ် | ၁၄၂၇ | ၉၆၅၄ | ၁၁၀၈၁ | ၁၁၇၂ | ၃၃၆၁ | ၄၅၃၃ | ၂၅၅ | ၆၂၉၃ | ၆၅၄၈ | ၄၀.၉၁ |
| **စုစုပေါင်း** | **၁၅၄၇** | **၉၉၉၇** | **၁၁၅၄၄** | **၁၂၈၇** | **၃၅၈၉** | **၄၈၇၆** | **၂၆၀** | **၆၄၀၈** | **၆၆၆၈** | **၄၂.၂၄** |

၁၆။ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုလက်စွဲစာစောင်အားထုတ်ဝေ၍ ရုံးအဆင့်ဆင့်သို့ ဖြန့်ဝေပေးခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစီမံချက် (HRM 5 Years Plan)ကိုလည်း ရေးဆွဲနိုင်ခဲ့

ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ၏ ဖွဲ့စည်းပုံအရ ရာထူးနေရာများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် လုပ်ငန်းတာဝန်ဖော်ပြချက် (Job Description)အား ပြုစု၍ ကျေးလက်ဦးစီး(ရုံးချုပ်)ရှိဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။ ဌာန၏ မူဝါဒ၊ ညွှန်ကြားချက်များ၊ လက်စွဲစာအုပ်များ၊ အကောင်အထည် ဖော်ဆောင်ရွက်နေသောလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစားအဂတိလိုက် စားမှု ဖြစ်နိုင်ခြေအချက်များနှင့် တားဆီးနိုင်မည့် နည်းလမ်းများအား စိစစ်ပြုစု၍ ရုံးအဆင့်ဆင့်သို့ ဖြန့်ဝေခဲ့ပါသည်။ ကျေးလက်ဦးစီးဌာနရုံးအဆင့်ဆင့်တွင် ဝန်ဆောင်မှုရယူသော ပြည်သူများထံသို့ ဝန်ဆောင်မှုအပေါ်အဆင်ပြေကျေနပ်မှုရှိ/မရှိနှင့် ငွေကြေးတစ်စုံတစ်ရာ တောင်းခံမှုရှိ/မရှိ အခြေ အနေများအား သိရှိနိုင်ရန်အတွက် ဦးစီးဌာန(ရုံးချုပ်)တွင် CPU Account (၁)ခု၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ မြို့နယ်(၈)ခုတွင် DEO Account ဖွင့်လှစ်၍ Website စနစ်ဖြင့်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ ပြည်နယ် များတွင်SMSစနစ်ဖြင့် မေးမြန်းပြီးတွေ့ရှိချက်များအား လစဉ်တင်ပြ ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ ကျင့်ဝတ်များ၊ စည်းကမ်းများလိုက်နာသော ဝန်ထမ်းကောင်းများ ပိုမိုမွေးထုတ်ပေးနိုင်ရန် နှင့် ကောင်းမွန်သော လုပ်ငန်းခွင်ပတ်ဝန်းကျင် တည်ဆောက်နိုင်ရေးအတွက် ဝန်ထမ်းလက်စွဲ (Employee Guide) စာအုပ်ကိုလည်း ပြုစုထားရှိပြီး ဝန်ထမ်းများသို့ ဖြန့်ဝေပေးပြီး ဖြစ်ပါသည်။ ထူးချွန်စွာ စွမ်းဆောင်နိုင်သော ဝန်ထမ်းများအား Meritocracy System အရ ရာထူးတိုးမြှင့်ပေးရာ တွင် ဝန်ထမ်းစွမ်းဆောင်ရည်စီမံခန့်ခွဲမှုစနစ် (Performance Management System)စနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားသုံးစွဲမှုအခြေအနေ

၁၈။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်းအကောင် အထည်ဖော်ဆောင်ရွက်ရန်လျာထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်း များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သာမန်အသုံးစရိတ် ပြုပြင်ပြီးခွင့်ပြုရန်ပုံငွေ ကျပ် (၈၉၇၅၈.၉၀၂) သန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေကျပ် (၉၀၀၁၉.၀၁၉) သန်း၊ ကြွေးမြီအသုံးစရိတ် ပြုပြင်ပြီးခွင့်ပြုငွေကျပ်(၃၀၀၄၉.၆၈၀)သန်း၊ စုစုပေါင်းပြုပြင်ပြီးခွင့်ပြုရန်ပုံငွေ ကျပ် (၂၀၉၈၂၇.၆၀၁) သန်း အားခွင့်ပြုခဲ့ပါသည်။ အဆိုပါပြုပြင်ပြီးခွင့်ပြုရန်ပုံငွေအနက်မှ သာမန် သုံးစွဲငွေကျပ် (၈၆၃၀၀.၃၄၆) သန်း၊ ငွေလုံးငွေရင်းသုံးစွဲငွေကျပ် (၇၃၈၀၇.၈၃၉) သန်း၊ ကြွေးမြီ အသုံးစရိတ်ငွေကျပ် (၂၈၀၆၅.၈၇၅) သန်းနှင့် စုစုပေါင်းသုံးစွဲငွေကျပ် (၁၈၈၁၇၄.၀၆၀) သန်းသုံးစွဲခဲ့

ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခွင့်ပြုရန်ပုံငွေအပေါ် သုံးစွဲမှုရာခိုင်နှုန်း အနေဖြင့် သာမန်အသုံးစရိတ် (၉၆.၁၅%)၊ ငွေလုံးငွေရင်းအသုံးစရိတ် (၈၁.၉၉%)နှင့် ကြွေးမြီအသုံး စရိတ် (၉၃.၄၀%)သုံးစွဲခဲ့ပါသည်။

**ရန်ပုံငွေလျာထားသုံးစွဲမှုအခြေအနေ**

| စဉ် | ငွေစာရင်းခေါင်းစဉ် | ပြုပြင်ပြီးခွင့်ပြုငွေ (ကျပ်သန်း) | သုံးစွဲငွေ (ကျပ်သန်း) | ပိုလျှံအပ်ငွေ (ကျပ်သန်း) | သုံးစွဲမှု (%) |
|---|---|---|---|---|---|
| ၁ | သာမန်အသုံးစရိတ် | ၈၉၇၅၈.၉၀၂ | ၈၆၃၀၀.၃၄၆ | ၃၄၀၅.၄၄၄ | ၉၆.၁၅ |
| ၂ | ငွေလုံးငွေရင်းအသုံးစရိတ် | ၉၀၀၁၉.၀၁၉ | ၇၃၈၀၇.၈၃၉ | ၁၂၉၉၅.၁၈၂ | ၈၁.၉၉ |
| ၃ | ကြွေးမြီအသုံးစရိတ် | ၃၀၀၄၉.၆၈၀ | ၂၈၀၆၅.၈၇၅ | ၁၉၈၃.၈၀၅ | ၉၃.၄၀ |
|  | **အသုံးစရိတ်စုစုပေါင်း** | **၂၀၉၈၂၇.၆၀၁** | **၁၈၈၁၇၄.၀၆၀** | **၁၈၃၈၄.၄၃၁** | **၈၉.၆၈** |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်နိုင်မှုအခြေအနေ

၁၉။ ဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း (၂,၀၅၈)ခု၊ ကျေးလက်မီးလင်းရေးကျေးရွာ (၉၉၃) ရွာ၊ ကျေးလက်ကုန်ထုတ်လမ်းလုပ်ငန်း (၇၈၉/၁) မိုင်၊ ကျေးလက် ကုန်ထုတ်တံတားလုပ်ငန်း (၁၁၉၃) စင်းတည်ဆောက်ခြင်း၊ ကျေးလက်အိမ်ရာ (၇၇)လုံး တည်ဆောက်ခြင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (၁၃၉) ယူနစ်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (၃၀၁၉) ရွာ၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း ကျေးရွာ (၄၃)ရွာ၊ ကျေးလက်စီးပွားမြင့်မား ရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ကျေးရွာယူနစ် (၃၆) ယူနစ်၊ Cash for Work စီမံကိန်း(၂၂၀)ရွာ လူထုဗဟိုပြုစီမံကိန်း မြို့နယ်(၁၁)မြို့နယ်နှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၆၇၅)ကြိမ် တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထိုအပြင် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (၄၉၇) ယူနစ်၊ ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း (၁၂၂)ခု၊ ကုန်ထုတ်လမ်း (၁၂/၄)မိုင်နှင့် ကုန်ထုတ်တံတား(၁၆)စင်း တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေများကို ပြုစုဖော်ပြရာတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သာမက ပြည်နယ်/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများကိုပါ ထည့်သွင်းပြုစု ထားပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ (က)** ဖြင့်ဖော်ပြအပ်ပါသည်။

## ကျေးလက်ဒေသသောက်သုံးရေရရှိရေးဆောင်ရွက်ချက်များ

၂၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၆) ပါ ရည်မှန်းချက်များဖြစ်သည့် ၂၀၃၀ ပြည့်နှစ်တွင် ထိရောက်အကျိုးရှိသော၊ တန်းတူညီမျှမှုရှိသော ကုန်ကျစရိတ်ကျခံနိုင်သည့် ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရည်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆိုင်ရာဝန်ဆောင်မှုများကို ဖော်ထုတ်ချမှတ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအားလုံး ၏ လူမှုစီးပွားဘဝပိုမိုတိုးတက်လာစေရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အခြားနီးနွယ်ဌာနများမှ တာဝန်ရှိသူများ၊ UNICEF အပါအဝင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ရေးဆွဲထားခဲ့ပြီးဖြစ်ပါသည်။ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေး ဆိုင်ရာလုပ်ငန်း များကို ဆောင်ရွက်ရာတွင် ကာလတိုဖြေရှင်းဆောင်ရွက်သည့် နည်းလမ်းများကို ကျင့်သုံးခြင်း မပြု တော့ဘဲ မဟာဗျူဟာမြောက်ချဉ်းကပ်မှုနည်းလမ်းများကို ကျင့်သုံးဆောင်ရွက်၍ ကျေးလက်နေ ပြည်သူများအတွက် စဉ်ဆက်မပြတ်ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေရောက်ရှိရန် ဦးတည် ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည်။

၂၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောကျေးလက်ရေရရှိရေး လုပ်ငန်းများတွင် တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း၊ မြေသားရေကန်နှင့် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများစသည့် ရေအရင်းအမြစ်ရှာဖွေဖော်ထုတ်ဆောင်ရွက်ခြင်းများအပြင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ သန့်ရှင်းဘေးကင်းရေးစီမံခန့်ခွဲထားသော သောက်သုံးရေဝန်ဆောင်မှု (Safety Managed Drinking Water Services)သို့ တက်လှမ်းနိုင်ရေး ရေသန့်စင်စနစ်နှင့် အိမ်သွယ် ရေတိုင်စနစ်များအား လျာထားဆောင်ရွက်ပေးလျက်ရှိပါသည်။၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အတွင်း ကျေးရွာ (၂,၀၂၁)ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း (၂,၂၂၁) ခု ဆောင်ရွက်ရန် လျာထား သည့်အနက်မှ နေပြည်တော်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီ အစရှိသည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် နယ်မြေလုံခြုံမှုမရှိခြင်း၊ တင်ဒါဆွဲဝယ်သူမရှိခြင်းနှင့် ရေအရည် အသွေးမကောင်းသဖြင့် စွန့်တွင်းသတ်မှတ်ခြင်းတို့ကြောင့် လုပ်ငန်းပေါင်း (၁၆၃) ခုပြန်လည်အပ်နှံ ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာပေါင်း (၁,၈၅၈) ရွာ၌ လုပ်ငန်းပေါင်း (၂,၀၅၈) ခုကို ဆောင်ရွက် ပေးနိုင်ခဲ့ပြီးအိမ်ခြေပေါင်း(၃.၀၆၈)သိန်း၊ လူဦးရေ(၁.၄၃၅)သန်းအကျိုးခံစားရရှိခဲ့ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအား **နောက်ဆက်တွဲ(ခ)** ဖြင့်ဖော်ပြအပ်ပါသည်။ ထို့ပြင် အပူပိုင်းဇုံကျေးလက်ရေရရှိရေးစီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီးနှင့်

မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာ(၁၁)ရွာတွင် စက်ရေတွင်း (၅)တွင်း၊ တွင်းဟောင်းပြုပြင်ခြင်း (၆)ခုနှင့် အခြားလုပ်ငန်း (၁)ခု၊ စုစုပေါင်းလုပ်ငန်း (၁၂)ခု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၂။ ထိုအပြင် နွေရာသီသောက်သုံးရေရှားပါးသော ကျေးရွာများသို့လည်း သောက်သုံးရေဖြန့်ဝေပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း မြို့နယ်ပေါင်း (၄၉) မြို့နယ်ရှိ ကျေးရွာပေါင်း (၁၆၃) ရွာသို့ ရေဖြန့်ဝေပေးနိုင်ရေး ကြိုတင်စီစဉ်လျာထားလျက်ရှိပါသည်။

**ကျေးလက်ရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ**

| စဉ် | အမျိုးအစား | လျာထား | ဆောင်ရွက်နိုင်မှု | ပြန်လည်အပ်နှံ |
|---|---|---|---|---|
| ၁ | အခြေခံသောက်သုံးရေရရှိရေးလုပ်ငန်း | ၁၉၁၁ | ၁၇၄၈ | ၁၆၃ |
| ၂ | သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်း | ၃၁၀ | ၃၁၀ | |
| | **စုစုပေါင်း** | **၂၂၂၁** | **၂၀၅၈** | **၁၆၃** |

**မြို့ရေပေးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း**

၂၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်သမ္မတရုံး၏ တာဝန်ပေးအပ်ချက်အရ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (Phase-II) မြို့ရေပေးဝေရေးလုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းအရည်အသွေးပြည့်မီသည့် သောက်သုံးရေပေးဝေနိုင်ရန်၊ မြို့ရေပေးဝေရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်ထိန်းသိမ်း ဆောင်ရွက်နိုင်ရန်၊ ခေတ်မီနည်းပညာများတိုးတက်စေရန်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

၂၄။ စီမံကိန်း Phase-II အနေဖြင့် စီမံကိန်းမြို့နယ်(၂၃)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြစ်ကြီးနား၊ စစ်တွေ၊ ပုသိမ်၊ မိတ္ထီလာ၊ ပဲခူးနှင့် မော်လမြိုင်မြို့များ၌ ရေပေးဝေရေး တည်ဆောက်ရေးလုပ်ငန်းများ (၁၀၀%)၊ ချောက်၊ ပခုက္ကူ၊ တောင်တွင်းကြီး၊ ဘုတ်ပြင်း၊ သံဖြူဇရပ်မြို့နှင့် တောင်ကြီးမြို့များအတွက် ဒီဇိုင်းရေးဆွဲရေးလုပ်ငန်း(၁၀၀%)၊ မင်းဘူးနှင့် သရက်မြို့များတွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကြို့ပင်ကောက်၊ လားရှိုး၊မြောင်းမြနှင့် ဝါးခယ်မမြို့များမှာ Pending ဖြစ်ပြီး လောင်းလုံ၊ မြင်းခြံ၊ အောင်ပန်း၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်ကြီးမြို့များမှာ Cancelled မြို့များဖြစ်ပါသည်။ ဆောင်ရွက်ပြီးမြို့နယ်များမှ

နေ့စဉ်ရေဂါလံပေါင်း (၂၄) သန်းကျော် ဖြန့်ဝေပေးလျက်ရှိပြီး လူဦးရေ (၈) သိန်းကျော်ကို အကျိုးပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။

## ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ချက်များ

၂၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမှု ပိုမိုတိုးမြင့်လာစေရန်၊ ဝေးလံခေါင်ဖျား၍ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောဒေသများတွင် မဟာ ဓာတ်အားလိုင်းပြင်ပ အကြိုမီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြည်သူ အချိုးကျထည့်ဝင်ငွေ ထည့်ဝင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် မီးလင်းရေးစနစ်ကို ဖော်ဆောင်ရန်နှင့် အစိုးရ-ပုဂ္ဂလိက-ပြည်သူ ပူးပေါင်းဆောင်ရွက်သည့်စနစ် ပိုမိုဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မဟာဓာတ် အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် အိမ်သုံးဆိုလာစနစ်နှင့် အသေးစားဓာတ် အားပေးစနစ်ဟူ၍ စနစ်(၂)မျိုးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၆။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်မီးရရှိရေးအတွက် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အမျိုး သားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်ရေးဆွဲခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(၂၀၁၆-၂၀၂၁) ပြီးစီးခဲ့သည့်နောက်ပိုင်းတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၂၇။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းများကို စုစုပေါင်း ကျေးရွာ (၉၉၃)ရွာတွင် တစ်အိမ်သုံးဆိုလာစနစ် (၄၉,၄၁၁)စုံနှင့် အသေးစားဓာတ်အားပေးစနစ်လုပ်ငန်း (၈)ခု ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ခြေ(၅၂,၂၄၆)အိမ်၊ လူဦးရေ(၄)သိန်းကျော် အကျိုးပြုနိုင်ခဲ့ပြီး ပြည်နယ်/ တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(ဂ)** ဖြင့် ဖော်ပြထားပါသည်။

### ကျေးလက်မီးလင်းရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | အမျိုးအစား | ဆောင်ရွက်နိုင်မှု | | အကျိုးပြု | | |
|---|---|---|---|---|---|---|
| | | ကျေးရွာ | လုပ်ငန်း | အိမ်ခြေ | လူဦးရေ | အများပိုင် |
| ၁ | တစ်အိမ်သုံးဆိုလာစနစ် | ၉၇၉ | - | ၄၉,၄၁၁ | ၃၈၆,၅၆၆ | |
| ၂ | အသေးစားဓာတ်အားပေးစနစ် | ၁၄ | ၈ | ၂,၈၃၅ | ၁၄,၁၇၅ | ၉၇၆ |
| | **စုစုပေါင်း** | **၉၉၃** | **၈** | **၅၂,၂၄၆** | **၄၀၀,၇၄၁** | **၉၇၆** |

## ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများတည်ဆောက်ခြင်း

၂၈။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စိုက်ပျိုးမွေးမြူသူများနှင့် ဈေးကွက်ကို ချိတ်ဆက်ပေးသည့် ပထမဦးဆုံးသောအဆင့်ဖြစ်သည့် လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများအား နိုင်ငံတော်ကရေးဆွဲထားသောမြန်မာနိုင်ငံ၏ရေရှည်တည်တံ့ပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan) ၏ မဏ္ဍိုင် ၂၊ ပန်းတိုင် ၃၊ မဟာဗျူဟာ ၃.၆ နှင့်ချိတ်ဆက်၍လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှချမှတ်ထားသည့် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(Agriculture Development Strategy-ADS) ၏ မဏ္ဍိုင်(၃)၊ ထပ်ဆင့် ရလဒ် (၃.၅) နှင့်ချိတ်ဆက်၍ လည်းကောင်း ၂၀၁၈ ခုနှစ်၊ (၆) လဘတ်ဂျက်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၂၉။ စိုက်ပျိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသောတန်ဖိုးကွင်းဆက်များဖြစ်ပေါ် လာစေရေးသည် ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဈေးကွက် များအပေါ်တွင်များစွာမူတည်နေပါသည်။ ကျေးလက်ကုန်ထုတ်လမ်းများသည် စိုက်ပျိုး မွေးမြူသူ များနှင့် ဈေးကွက်ကိုချိတ်ဆက်ပေးသည့် ပထမဦးဆုံးသောအဆင့်ဖြစ်ပါသည်။ ကျေးလက်ကုန်ထုတ် လမ်းများတည်ဆောက်ခြင်းဖြင့် ကျေးရွာပြင်ပဝန်းကျင်ရှိ ကုန်စည်ဒိုင်များနှင့် ပိုမိုလက်လှမ်းမီချိတ် ဆက်နိုင်စေခြင်း၊ ပျက်စီးလွယ်သော ကောက်ပဲသီးနှံများသယ်ယူပို့ဆောင်ချိန်တွင် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေခြင်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ခြင်းနှင့် ကျေးလက်နေမိသားစုများ ပြောင်းရွှေ့ သွားလာခြင်းများတွင်အချိန်ကုန်သက်သာစေခြင်းစသောအထောက်အကူများစွာဖြစ်ထွန်းစေပါသည်။

၃၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကုန်ထုတ်လမ်းလုပ်ငန်းများလျာထားရာ တွင် အခြားဌာနများ၏လုပ်ပိုင်ခွင့်လမ်းစာရင်းတွင်ပါဝင်ခြင်းမရှိစေရန်နှင့် အဆိုပါလမ်း၏အကျိုးပြု ပမာဏ၊ စီးပွားရေးတွက်ခြေကိုက်မှု၊ မြေပြင်ပထဝီဝင်အခြေအနေ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှု ထိခိုက်နိုင်ခြေများနှင့်မြေနေရာရရှိမှုရှိ/မရှိ တို့ကို Feasibility Study ဆင်း၍လမ်းတစ်လမ်းချင်းစီ အလိုက် အချက်အလက်များကောက်ယူ၍ Feasibility Study Report ရေးသားစိစစ်၍ လျာထား ဆောင်ရွက်လျက်ရှိပါသည်။

၃၁။ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ(၁၂၁၈)ရွာ၌ ကုန်ထုတ်လမ်း (၇၈၉)မိုင်(၁)ဖာလုံ၊ ကျေးလက်ကုန်ထုတ်တံတား(၁,၁၉၃)စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး စိုက်ဧက(၅.၈၅) သိန်းဧက၊ အိမ်ခြေ (၁.၈၉) သိန်းနှင့် ကျေးလက်လူဦးရေ (၉.၅၉)သိန်းခန့်အား အကျိုးပြုစေခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အကောင်အထည် ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ (ဃ)** ဖြင့် ဖော်ပြအပ်ပါသည်။

## ကျေးလက်ကုန်ထုတ်လမ်းတံတား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | အမျိုးအစား | လျာထား | ဆောင်ရွက်ပြီး | ပြန်လည်အပ်နှံ |
|---|---|---|---|---|
| ၁ | ကျေးလက်ကုန်ထုတ်လမ်း (မိုင်/ဖာလုံ) | ၈၇၃/၁.၉ | ၇၈၉/၁ | ၈၄/၀.၉ |
| ၂ | ကျေးလက်တံတား (စင်း) | ၁၃၁၁ | ၁၁၉၃ | ၁၁၈ |

### ကျေးလက်အိမ်ရာတည်ဆောက်ရေးလုပ်ငန်းစီမံကိန်း

၃၂။ ကျေးလက်နေပြည်သူများ၏ အိမ်ရာလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်များ ကျရောက်တတ်သည့်ဒေသများတွင် နိုင်ငံတော်အစိုးရဘတ်ဂျက်ဖြင့် ကျေးလက်အိမ်ရာများ တည်ဆောက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် သဘာဝဘေးကြောင့် အိုးအိမ်ပျက်ဆီးဆုံးရှုံးသွားသော ဆင်းရဲနွမ်းပါးမှုအများဆုံးနှင့် ထိခိုက်လွယ်အိမ်ထောင်စုများအား ဦးစားပေး၍ ကျေးလက်အိမ်ရာများတည်ဆောက်ပေးခဲ့ပါသည်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ တောင်းဆိုချက်အရ (၁၈ ပေ၊ ၂၄ ပေနှင့် ၉ ပေ) ရှိသော ကျေးလက်အိမ်ရာများကို ယင်းအိမ်ထောင်စု များအတွက် ဆောက်လုပ်ပေးခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ (၂၃) ရွာ၌ ကျေးလက်အိမ်ရာ (၇၇) လုံးအား ကုန်ကျငွေကျပ် (၇၈၅.၄၆၀) သန်းဖြင့် တည်ဆောက်နိုင်ခဲ့သည့် အတွက် အိမ်ထောင်စု(၇၇)စုအား အကျိုးခံစားခွင့်ရရှိစေခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(င)**ဖြင့် ဖော်ပြ အပ်ပါသည်။

### မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY)

၃၃။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက်အမှန်တကယ်လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာမှ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက် လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များကျရောက်လာပါက တုန့်ပြန်မှုအားကောင်း သော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃၄။ မြစိမ်းရောင်စီမံကိန်းသည် နိုင်ငံတော်ဘတ်ဂျက်မှ ခွင့်ပြုငွေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်း မပျောက်လည်ပတ်ရန်ပုံငွေမှာ ယခင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ အိမ်ခြေ(၈၀) အထက် (၁)

ယူနစ်လျှင် မတည်ရန်ပုံငွေ ကျပ်သန်း (၃၀)၊ အိမ်ခြေ(၈၀) အောက် လျော့နည်းပါက အုပ်ချုပ်မှု လွယ်ကူသည့် နီးစပ်ရာကျေးရွာများရှိ အိမ်ခြေများနှင့် ပေါင်းစပ်ဖွဲ့စည်း၍ (၁)ယူနစ်လျှင် မတည်ရန်ပုံငွေ ကျပ်သန်း (၃၀)မတည်ပေးခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ စတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အိမ်ခြေ (၁၀၁)နှင့်အထက်(Type-1)ကျပ် (၃၀)သန်း၊ အိမ်ခြေ (၅၁) နှင့် (၁၀၀)ကြား(Type-2) ကျပ် (၂၀)သန်း၊ အိမ်ခြေ (၅၀)နှင့် အောက် (Type-3) ကျပ် (၁၀)သန်း၊ အိမ်ခြေ(၈၀)အောက် လျော့နည်းသောကျေးရွာများအား စုစည်းဆောင်ရွက်ခြင်း (Type-4) ကျပ် (၃၀)သန်း အမျိုးအစား(၄) မျိုးဖြင့် မတည်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာတစ်ရွာချင်းအလိုက် ရန်ပုံငွေမတည်ပေးပြီး ကျေးရွာရှိပြည်သူများထံသို့ အတိုးနှုန်းသက်သာစွာထုတ်ချေးပေးသည့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းမတည်ငွေအား ကျေးရွာရှိပြည်သူများမှရွေးချယ်ထားသောလုပ်ငန်းအဖွဲ့ဝင်များက စီမံခန့်ခွဲပြီး ကျေးရွာအဆင့်အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဝင်များ၏ သဘောတူညီမှုအရ အတိုးနှုန်း (၀.၅%)မှ (၁.၅%) ဖြင့် အိမ်ထောင်စုတစ်စုစီအား ချေးငွေများ ထုတ်ပေးလျက်ရှိပါသည်။

၃၅။ ၂၀၁၄-၂၀၁၅ မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း (၂၈၉) မြို့နယ်တွင် စီမံကိန်းကျေးရွာယူနစ်ပေါင်း (၁၁၉၇၈)ယူနစ်၊ အကျိုးပြုစီမံကိန်းကျေးရွာပေါင်း (၁၄,၁၆၇)ရွာ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းကာလ (၇) နှစ်တာ ကာလအတွင်း အစိုးရ၏ ဘတ်ဂျက်ငွေကျပ် (၃၄၉.၃၀၀)ဘီလီယံအား စီမံကိန်းကျေးရွာများတွင် ရင်းနှီးမြုပ်နှံခဲ့ပြီး စီမံကိန်းကျေးရွာများမှ အတိုးရငွေကျပ် (၂၄၇.၉၄၆) ဘီလီယံ ရရှိခဲ့ပြီးဖြစ်ပါသည်။ မြစိမ်းရောင် စီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ကျေးလက်မီးလင်းရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်း၊ အသေးစားကုန်သွယ်ရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း တို့ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(စ)** ဖြင့်ဖော်ပြအပ်ပါသည်။ ၂၀၂၃ ခုနှစ်၊ မတ်လ၏ စီမံကိန်းအစီရင်ခံစာအရ မြစိမ်းရောင်စီမံကိန်းမှ ကျေးလက်ဒေသရှိ အိမ်ထောင်စုများအား အောက်ဖော်ပြပါအတိုင်း အကျိုးပြုခဲ့ပါသည်-

**မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလည်ပတ်မှုအခြေအနေ**

| စဉ် | အမျိုးအစား | အိမ်ထောင်စု | ကျပ်သန်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး | ၇၃၅၂၆၀ | ၂၈၃၉၃၆.၆၈၃ | ၅၉.၀၇ |

| စဉ် | အမျိုးအစား | အိမ်ထောင်စု | ကျပ်သန်း | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၂ | မွေးမြူရေး | ၄၁၄၁၅၄ | ၁၂၅၄၄၄.၅၅၆ | ၂၆.၁၀ |
| ၃ | ရေလုပ်ငန်း | ၃၅၅၂၄ | ၉၆၄၇.၅၂၂ | ၂.၀၁ |
| ၄ | မီးလင်းရေး | ၈၈၁ | ၂၀၉.၁၆၅ | ၀.၀၄ |
| ၅ | ကုန်ထုတ်လုပ်ငန်း | ၁၁၅၅၈ | ၄၀၂၈.၅၅၅ | ၀.၈၄ |
| ၆ | ရောင်းဝယ်ရေးလုပ်ငန်း | ၁၂၁၃၀၈ | ၄၅၅၄၀.၅၅၁ | ၉.၄၇ |
| ၇ | အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း | ၄၃၉၀၈ | ၁၁၈၇၅.၂၀၅ | ၂.၄၇ |
| | **စုစုပေါင်း** | **၁၃၆၂၅၉၃** | **၄၈၀၆၈၂.၂၃၇** | **၁၀၀** |

၃၆။ မြစိမ်းရောင်စီမံကိန်းသည် ကျေးရွာအသီးသီးမှရရှိသော အတိုးရငွေများဖြင့် မိမိတို့ကျေးရွာ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင် စေရန်ခွင့်ပြုထားပါသည်။ မြန်မာတစ်နိုင်ငံလုံး၏ မြို့နယ် (၂၇၀) မြို့နယ်ရှိ ကျေးရွာပေါင်း(၃,၂၉၇) ရွာတွင် အောက်ဖော်ပြပါကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း (၄၀၀၆) ခုအား ကျေးရွာ၏အတိုးရငွေများ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။အတိုးရငွေ (၅၀%)ဖြင့်ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေအား **နောက်ဆက်တွဲ(ဆ)**ဖြင့် ဖော်ပြ အပ်ပါသည်။

**မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများ**

**(ကျပ်သန်း)**

| စဉ် | လုပ်ငန်း အမျိုးအစား | အရေ အတွက် | အတိုးရငွေ ၅၀%မှ သုံးစွဲငွေ | ပြည်သူ ထည့်ဝင်ငွေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | လမ်း/တံတား | ၂၁၆၁ | ၁၆၂၇၀.၉၉၃ | ၂၆၃၀.၉၁၄ | ၁၈၉၀၁.၉၀၇ | ၄၂.၄၁ |
| ၂ | ရေရရှိရေး | ၂၂၁ | ၁၁၇၂.၇၄၄ | ၄၄၈.၀၅၀ | ၁၆၂၀.၇၉၄ | ၃.၆၄ |
| ၃ | မီးလင်းရေး | ၁၀၀၁ | ၈၁၂၀.၃၅၁ | ၁၀၀၇၄.၇၀၇ | ၁၈၁၉၅.၀၅၈ | ၄၀.၈၃ |
| ၄ | ပညာရေး | ၁၃၈ | ၉၃၀.၂၁၁ | ၃၃၄.၇၆၄ | ၁၂၆၅.၉၇၅ | ၂.၈၄ |
| ၅ | စာကြည့်တိုက် | ၁၃ | ၆၇.၇၂၀ | ၂၄.၆၀၇ | ၉၂.၃၂၇ | ၀.၂၁ |

| စဉ် | လုပ်ငန်း အမျိုးအစား | အရေ အတွက် | အတိုးရငွေ ၅၀%မှ သုံးစွဲငွေ | ပြည်သူ ထည့်ဝင်ငွေ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၆ | ကျန်းမာရေး | ၉ | ၆၉.၇၁၈ | ၁၉.၁၀၀ | ၈၈.၈၁၈ | ၀.၂၀ |
| ၇ | ခန်းမဆောင် | ၂၁၈ | ၂၁၄၇.၀၅၆ | ၇၄၄.၂၀၂ | ၂၈၉၁.၂၅၈ | ၆.၄၉ |
| ၈ | အခြား | ၂၄၅ | ၁၃၀၁.၄၇၃ | ၂၀၆.၂၁၆ | ၁၅၀၇.၆၈၉ | ၃.၃၈ |
| စုစုပေါင်း | | **၄၀၀၆** | **၃၀၀၈၁.၂၆၆** | **၁၄၄၈၂.၅၆၀** | **၄၄၅၆၃.၈၂၆** | **၁၀၀** |

၃၇။ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းစတင်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၃ ခုနှစ်၊ မတ်လအထိ ကော်မတီအလွဲသုံးစားမှု၊ အသင်းသားပြန်မဆပ်မှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုနှင့် နယ်မြေလုံခြုံရေးအခြေအနေများကြောင့် အရင်း/အတိုး ပေးဆပ်ရန်ပျက်ကွက်သည့် စီမံကိန်းကျေးရွာယူနစ်ပေါင်း(၁၁၂)ယူနစ်၊ ငွေအားဖြင့် ကျပ်(၄,၁၄၉.၈၆၆)သန်း ဖြစ်ပေါ်လျက်ရှိပါသည်။ အဆိုပါ ကျေးရွာယူနစ်များအနက် စီမံကိန်းကျေးရွာယူနစ်(၉)ယူနစ် ငွေကျပ်(၁၉၉.၅၉၅)သန်းအား ပယ်ဖျက်ခွင့်ရရှိခြင်း၊ ကျေးရွာယူနစ်(၁)ယူနစ် အပြေအကြေ ပေးဆပ်ခြင်းနှင့် တချို့တဝက်ပေးဆပ်သည့် ကျေးရွာယူနစ်(၈၄)ယူနစ် ဖြစ်ပါသဖြင့် ငွေကျပ်(၁,၄၃၈.၉၄၆)သန်း ကောက်ခံရရှိပြီး ကျေးရွာယူနစ်(၁၈)ယူနစ်သည် ပေးဆပ်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ကျေးရွာယူနစ်(၁၀၂)ယူနစ် ငွေကျပ်(၂,၅၁၁.၃၂၅)သန်း ပေးဆပ်ရန်ကျန်ရှိခြင်းဖြစ်ပါသည်။

၃၈။ ပေးဆပ်ရန်ကျန်ရှိသည့် စီမံကိန်းကျေးရွာယူနစ် (၁၀၂) ယူနစ် ဖြစ်ပေါ်နေမှုအပေါ် (၃၆) ယူနစ်ကို တရားစွဲဆိုခြင်း၊ (၁) ယူနစ်ကို ဥပဒေအကြံဉာဏ်တောင်းခံခြင်း၊ (၆၂) ယူနစ်ကို စာထုတ်နှိုးဆော်ခြင်း၊ တွန်းအားပေးခြင်းနှင့် (၃)ယူနစ်ကို တရားဥပဒေအရ အမိန့်ချမှတ်ခြင်းတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။

## မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ ရန်ပုံငွေပယ်ဖျက်ခွင့်တင်ပြဆောင်ရွက်မှုအခြေအနေ

၃၉။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်ရှိ ရှောက်ကျိုင်းကျေးရွာနှင့် ကုန်းကြမ်းမြို့နယ်ရှိ ချင်စူကျိုင်းကျေးရွာနှင့် ကျွင်ညဲကျေးရွာ၊ စုစုပေါင်း ကျေးရွာ(၃)ယူနစ်သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ပြီး (၅)လခန့်ကြာ တိုက်ပွဲများဖြစ်ပွားခြင်းနှင့် ၂၀၁၇ ခုနှစ်အတွင်း တိုက်ပွဲများထပ်မံဖြစ်ပွားခဲ့ပါသဖြင့် ကျေးရွာများပျက်စီးခဲ့၍ ယခုအခါ နေရပ်စွန့်ခွာသွားသည့် ကျေးရွာသူ/သားများ နေရပ်သို့ ပြန်လည်ရောက်ရှိနေထိုင်မှုမရှိခြင်းနှင့် လူနေထိုင်မှုရှိသော အိမ်ခြေအနည်းသာကျန်ရှိခြင်းကြောင့် ၎င်းကျေးရွာယူနစ်(၃)ယူနစ်၏ စီမံကိန်း

ရန်ပုံငွေ ကျပ်သန်း(၉၀) ဆုံးရှုံးမှုအား နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်ခွင့်နှင့်စပ်လျဉ်း၍ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ (၁-၄-၂၀၂၂)ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၄/၂၀၂၂ အရ ယင်းကျေးရွာများအား နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိပြီးဖြစ်ပါသည်။

၄၀။ စီမံကိန်းရန်ပုံငွေအလွဲသုံးစားပြုလုပ်ခြင်းကြောင့် တရားဥပဒေအရ ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ငါးမြစ်ချင်းကျေးရွာနှင့် လက်ပံတန်းမြို့နယ်၊ ဂရုံရွာသစ်ကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဖူးကျေးရွာ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်၊ ပှေပါကူးကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ မြတ်လေးချောင်+ ငါးဖယ်ချောင်+ ရေတွင်းချောင်ကျေးရွာနှင့် ငပုတောမြို့နယ်၊ မြစ်ကျိုးကျေးရွာပေါင်း ကျေးရွာ (၆)ယူနစ်၏ ငွေကျပ် (၁၀၉.၅၉၅)သန်းအား ဆုံးရှုံးမှုစာရင်းမှ ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၏ အစည်းအဝေးအမှတ်စဉ် ၃/၂၀၂၃ အရ စီမံကိန်းကျေးရွာ (၃)ယူနစ်တွင် နိုင်ငံတော်မတည်ငွေမှ ဆုံးရှုံးငွေကျပ် (၈၅.၃၇)သန်းကို နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်ရန်နှင့် စီမံကိန်းတိုးပွားငွေမှ ကောက်ခံမရ၍ ဆုံးရှုံးသွားသည့် ငွေကျပ် (၂၄.၂၂၅)သန်းကို စီမံကိန်းစာရင်းမှ ပယ်ဖျက်နိုင်ရေးဆောင်ရွက်ရန် သဘောတူခွင့်ပြုပြီး ဖြစ်ပါသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါသည်။

၄၁။ ရခိုင်ပြည်နယ်အတွင်း ဒေသတွင်းတိုက်ပွဲဖြစ်စဉ်များကြောင့် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားနှင့် ဘူးသီးတောင်မြို့နယ်တို့ရှိ မြစိမ်းရောင်စီမံကိန်း ကျေးရွာ (၁၇)ယူနစ်၊ အကျိုးပြုကျေးရွာ(၂၂)ရွာတို့မှ စီမံကိန်းချေးငွေ(အရင်း/အတိုး)ငွေကျပ် (၆၀၅.၁၆) သန်း ပြန်လည်ပေးဆပ်နိုင်မှုမရှိသဖြင့် ဆုံးရှုံးမှုများကို စာရင်းမှပယ်ဖျက်နိုင်ရေး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှတဆင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ **" မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း (၃၅/၂၀၁၇) အပိုဒ် ၂၃၉ နှင့် အညီ ဌာနအနေဖြင့်ရနိုင်သ၍ ပြန်လည်ရယူနိုင်ရေး အစွမ်းကုန်ကြိုးစား၍ ညှိနှိုင်းကောက်ခံသွားရန် လိုအပ်ကြောင်း "** သဘောထားမှတ်ချက်ပြန်ကြားလာပါသဖြင့် ကျေးလက်ဦးစီးဌာနရုံးအဆင့်ဆင့်မှ ကြိုးပမ်းဆောင်ရွက်၍ မြောက်ဦးမြို့နယ်မှ (၂) ယူနစ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှ (၃) ယူနစ် စုစုပေါင်း ကျေးရွာယူနစ် (၅) ယူနစ်တို့တွင် ချေးငွေများ ပြန်လည်ကောက်ခံရရှိပြီးဖြစ်ပါသဖြင့် စီမံကိန်းအား ပြန်လည် လည်ပတ်နေပြီဖြစ်သောကြောင့် ကျန်ကျေးရွာများအား ချေးငွေများ ပြန်လည်ကောက်ခံရရှိရေးကို သက်ဆိုင်ရာမြို့နယ်အလိုက်

ပြန်လည်ကောက်ခံရေးစီမံချက်များရေးဆွဲ၍ စီမံကိန်းရန်ပုံငွေများရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။

**ရန်ပုံငွေပယ်ဖျက်ခွင့်တင်ပြဆောင်ရွက်မှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ကျေးရွာယူနစ် | ထောက်ပံ့ငွေ(ကျပ်သန်း) |
|---|---|---|---|
| ၁ | နိုင်ငံပိုင်စာရင်းမှပယ်ဖျက်ခွင့် | ၆ | ၁၇၅.၃၇ |
| ၂ | စီမံကိန်းတိုးပွားငွေမှပယ်ဖျက်ခွင့် | ၃ | ၂၄.၂၂၅ |
| | **စုစုပေါင်း** | **၉** | **၁၉၉.၅၉၅** |

**စောင့်ကြည့်စစ်ဆေးမှုနှင့် အကဲဖြတ်သုံးသပ်မှု (M&E, MIS)**

၄၂။ မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်မှုကို လျော့နည်းသွားရန်၊ စီမံကိန်းလည်ပတ်ဆောင်ရွက်မှုများအား စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်ရန်၊ Monitoring လုပ်ဆောင်မှုများကို တိကျလွယ်ကူလျင်မြန်ပြီး သက်ဆိုင်သူအားလုံးအချိန်နှင့်တပြေးညီ စောင့်ကြည့်စစ်ဆေး အကဲဖြတ်သုံးသပ်နိုင်ရန် ရည်ရွယ်၍ Management Information System (MIS) စနစ် ထူထောင်ထားရှိပြီး မြို့နယ် (၄၃) မြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းကျေးရွာ (၄၅) ရွာအား ရွေ့ပြေးစမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

**Exit Strategy ရေးဆွဲဆောင်ရွက်မှု**

၄၃။ ကျေးလက်ဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အချို့သောကျေးရွာများသည် လုပ်ငန်းလည်ပတ်မှု (၁၀) နှစ်ခန့်ရှိပြီဖြစ်သဖြင့် စီမံကိန်းကျေးရွာများ များပြားလာရာ စီမံကိန်းကျေးရွာများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုလုပ်ငန်းများ ဖြေလျော့ပေးရန်နှင့် တစ်ဖက်တွင်လည်း စီမံကိန်းကျေးရွာသူ/သားများမှ စီမံကိန်းလုပ်ငန်းစဉ်များအား ကိုယ်တိုင်စီမံခန့်ခွဲအကောင်အထည်ဖော်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် (Exit Strategy) အစီအစဉ်အားရေးဆွဲ၍ အောက်ပါအတိုင်း အမျိုးအစား (၃) မျိုးခွဲ၍ ဆောင်ရွက်ရန် စီစဉ်ထားလျက်ရှိပါသည် -

(၁) ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သည့် ကျေးရွာ (Self-Reliant Village)၊

(၂) ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်ရန်အလားအလာရှိသောကျေးရွာ(Moderate Village)နှင့်

(၃) ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်ခြင်းမရှိသည့်ကျေးရွာ(Dependent Village)။

၄၄။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နှင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်ဆင့်တွင် သက်ဆိုင်သူအားလုံးပါဝင်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး Exit Strategy ဆောင်ရွက်မည့် နည်းလမ်း(၃)ခုအနက် ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်သည့်ကျေးရွာ (Self-Reliant Village) များအား ရွေးထုတ်သွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအနေဖြင့် Exit Strategy အကြောင်း ကောင်းစွာသိရှိ နားလည်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာန(ရုံးချုပ်)အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအတွက် Exit Strategy အကောင်အထည်ဖော်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**Digital ငွေပေးချေမှုစနစ်ဆောင်ရွက်မှု**

၄၅။ ကျေးလက်ဦးစီးဌာနအနေဖြင့် ကျေးလက်စီးပွားရေးနှင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများတွင် ဒီဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် ကျေးလက်နေပြည်သူများမှ ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေရေးအတွက် ကျေးရွာသူ/သားများ ရန်ပုံငွေ ထုတ်ချေးခြင်း၊ အရင်း/ အတိုးပြန်လည်ပေးသွင်းခြင်းများဆောင်ရွက်ရာ၌ ငွေကြေးလုံခြုံမှုရှိစေရန်၊ မြို့နယ်များသို့ သွားရောက်ထုတ်ယူနေရသည့် အချိန်၊ ငွေကြေးနှင့် အခြားစရိတ်များ လျော့နည်း စေရန်၊ ပိုမိုကောင်းမွန်သောရန်ပုံငွေလည်ပတ်မှု စနစ်တစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံတော်၏ အကောင်အထည်ဖော်လျက်ရှိသော Cash Less System ဖြစ်သည့် Banking 4.0 စနစ်အား အထောက်အကူပြုစေရန်ရည်ရွယ်၍ Digital ငွေပေးချေမှုစနစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ စတင် ပြီး Shwe Bank နှင့် စီမံကိန်းကျေးရွာ (၉)ရွာ၊ Myanmar Citizens Bank စီမံကိန်းကျေးရွာ (၅)၊ စုစုပေါင်းစီမံကိန်း ကျေးရွာ(၁၄)ရွာ ရှေ့ပြေးစမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစနစ်ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းကျေးရွာများအား ချေးငွေထုတ်ချေးခြင်း၊ အတိုးကောက်ခံ ခြင်းနှင့် အရင်းပြန်လည်ကောက်ခံခြင်းများအား ပုဂ္ဂလိကဘဏ်(၂)ခု၊ ငွေကြေးဝန်ဆောင်မှု ကုမ္ပဏီ (၁)ခုတို့နှင့် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

## မြစိမ်းရောင်စီမံကိန်းကျေးရွာများတွင် ဆောင်ရွက်နေသည့် ဘဏ်နှင့်ဝန်ဆောင်မှုကုမ္ပဏီ

| စဉ် | ပြည်နယ်/ တိုင်းဒေသကြီး | မြစိမ်းရောင် ရှိရင်းကျေးရွာ | ဘဏ်နှင့်ဝန်ဆောင်မှုကုမ္ပဏီ | | | |
|---|---|---|---|---|---|---|
| | | | Shwe Bank | Myanmar Citizens Bank | True Money Myanmar | စုစုပေါင်း |
| ၁ | နေပြည်တော် | ၂၅၀ | ၂ | ၁၀ | | ၁၂ |
| ၂ | ကချင် | ၅၃၄ | | | ၆ | ၆ |
| ၃ | ပဲခူး | ၁၅၃၆ | | | ၆ | ၆ |
| ၄ | မန္တလေး | ၁၂၈၄ | ၆ | | | ၆ |
| ၅ | မွန် | ၂၈၇ | ၇ | | | ၇ |
| ၆ | ရခိုင် | ၇၈၄ | | | ၂ | ၂ |
| ၇ | ရန်ကုန် | ၄၉၆ | ၇ | | | ၇ |
| ၈ | ရှမ်း(တောင်) | ၁၄၂၁ | | | ၁ | ၁ |
| ၉ | ရှမ်း(မြောက်) | ၁၁၅၀ | | | ၂ | ၂ |
| ၁၀ | ဧရာဝတီ | ၂၄၈၇ | | | ၁၀ | ၁၀ |
| | **စုစုပေါင်း** | **၁၀၂၂၉** | **၂၂** | **၁၀** | **၂၇** | **၅၉** |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (Village Development Project-VDP)**

၄၆။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား နိုင်ငံတော်၏ ပြည်သူဗဟိုပြုစီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားခြင်းလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျေးရွာ၏ပကတိလိုအပ်သော ဖွံ့ဖြိုးရေးအစီအစဉ်များကို ပြည်သူလူထုကိုယ်တိုင်ဖော်ထုတ်၍ ဦးစားပေးလုပ်ငန်းအလိုက် စီမံချက်ရေးဆွဲပြီး မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွင် အဓိကအပိုင်း (၂) ပိုင်းပါဝင်ပါသည်။ အပိုင်း (၁) အနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် ပူးပေါင်းပါဝင်သည့် လူမှုစီးပွားအခြေအနေဆန်းစစ်ခြင်း (Participatory Rural Appraisal) ကို အသုံးပြု၍ ကျေးရွာ၏လူမှုစီးပွားဘဝအချက်အလက်များပါဝင်သည့်ကဏ္ဍစုံလွှမ်းခြုံသောငါးနှစ်တာကာလလတ်


စီမံချက်မူဘောင်ရေးဆွဲခြင်းဖြစ်ပြီး၊ အပိုင်း(၂)တွင် နှစ်အလိုက်ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအစီအစဉ်အရ ရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များကို ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံကျေးရွာလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲမှုလျော့ချရေးတို့ကို ပံ့ပိုးအားဖြည့်ပေးရန် ရည်ရွယ်ပါသည်။

၄၈။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအစီအစဉ်အရ ကျေးရွာများတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ကျေးရွာ(၁) ရွာလျှင် ငွေကျပ် (၁၀)သန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ ထောက်ပံ့ငွေဖြင့် ကျေးရွာမှ ဖွံ့ဖြိုးရေးစီမံချက်များအပေါ်အခြေခံ၍ ကျေးလက်များရှိ လမ်းတံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက်၊ ကျေးရွာဘက်စုံသုံးခန်းမနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

၄၉။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်မှအပ ပြည်နယ်/တိုင်းဒေသကြီး (၁၆) ခု၌ မြို့နယ်(၂၃၆)မြို့နယ်ရှိ ကျေးရွာပေါင်း(၂၄၁၈)ရွာတွင် စီမံချက်များရေးဆွဲနိုင်ခဲ့ပြီး ကျေးရွာပေါင်း (၃၀၁၉)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း(၃၂၀၄)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထိုသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသရှိ အိမ်ခြေ (၄.၃၇၂)သိန်း၊ လူဦးရေ (၂.၀၄၃)သန်းခန့်ကို အကျိုးပြုစေခဲ့ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(ဇ)** ဖြင့်ဖော်ပြအပ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု**

| စဉ် | လုပ်ငန်း အမျိုးအစား | ဆောင်ရွက်ပြီး လုပ်ငန်း |
|---|---|---|
| ၁ | လမ်း၊ တံတား | ၂၂၈၂ |
| ၂ | ရေပေးရေး | ၃၃၂ |
| ၃ | မီးလင်းရေး | ၁၇၀ |
| ၄ | ပညာရေး | ၆၄ |
| ၅ | ဘက်စုံသုံးခန်းမ | ၂၄၄ |
| ၆ | စာကြည့်တိုက် | ၆ |
| ၇ | အခြား | ၁၀၆ |
| | **စုစုပေါင်း** | **၃၂၀၄** |



**ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(SMART Village)**

၅၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးမျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကို ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုမှ မြို့နယ် (၄၁)မြို့နယ်ရှိ ကျေးရွာ(၄၃)ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၅၁။ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ(၄၃)ရွာတွင် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း (၁၇၆)ခု၊ သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း(၁၁၂)ခု၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားမြင့်မားရေးလုပ်ငန်း(၁၂၉)ခု၊ အသင်းအဖွဲ့ ခိုင်မာအားကောင်းခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း(၁၅၈)ခု၊ လူမှုကာကွယ်စောင့်ရှောက်ရေး (၁၄၂)ခု နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး (၁၁၅)ခုဖြင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း (၈၃၂)ခု ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ(၄၃) ရွာမှ အိမ်ထောင်စု(၁၁၇၃၆)စုနှင့် လူဦးရေ(၅၄၉၆၇)ဦးအား အကျိုးပြုလျက်ရှိပါသည်။ ခေတ်မီ စံပြကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေသီးခြားလျာထား ဆောင် ရွက်ခြင်းမပြုဘဲ ကဏ္ဍအလိုက် သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ များနှင့်ပူးပေါင်း၍ ငွေကျပ်(၈၇၇၅.၈၂၇)သန်းဖြင့် လုပ်ငန်းများအားဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(ဈ)** ဖြင့် ဖော်ပြအပ်ပါသည်။

**ခေတ်မီစံပြကျေးရွာစီမံကိန်း ကဏ္ဍအလိုက်ဆောင်ရွက်မှုအခြေအနေ**

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်(ခု) | ရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး | ၁၇၆ | ၅၃၉၅.၂၀၉ |
| ၂ | သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုများကူညီထောက်ပံ့ခြင်း | ၁၁၂ | ၁၈၁၅.၅၈၃ |
| ၃ | အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားရေး | ၁၂၉ | ၁၀၄၃.၃၆၀ |
| ၄ | အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း | ၁၅၈ | ၁၂၁.၆၁၁ |

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်(ခု) | ရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|---|
| ၅ | လူမှုကာကွယ်စောင့်ရှောက်ရေး | ၁၄၂ | ၃၈၄.၄၄၅ |
| ၆ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁၅ | ၁၅.၆၁၉ |
| | **စုစုပေါင်း** | **၈၃၂** | **၈၇၇၅.၈၂၇** |

**ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(Rural Business Fund-RBF)**

၅၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စတင်၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၁၅)ခုရှိ မြို့နယ် (၃၄)မြို့နယ်၌ ကျေးရွာ(၁)ယူနစ်လျှင် ကျပ်သန်း(၃၀)နှုန်းဖြင့် ကျေးရွာ (၃၀)ရွာ (၃၁)ယူနစ်ကို ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း(၉၃၀)ဖြင့်လည်းကောင်း၊ ကျေးရွာ(၅)ရွာ (၅) ယူနစ်ကို ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သန်း(၁၅၀) ဖြင့်လည်းကောင်း စုစုပေါင်းကျေးရွာ (၃၅)ရွာ (၃၆)ယူနစ်တွင် ရန်ပုံငွေ ကျပ်သန်း(၁၀၈၀)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၅၃။ ကျေးရွာယူနစ် (၃၆) ယူနစ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း (၄၂)ဖွဲ့၊ မွေးမြူရေးလုပ်ငန်း (၈၀)ဖွဲ့နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း (၁၇)ဖွဲ့ စုစုပေါင်း အသက်မွေးဝမ်းကျောင်းအစုအဖွဲ့ (၁၃၉)ဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အိမ်ထောင်စု(၈၂၈)စုရှိ လူဦးရေ (၃၃၁၂)ဦးကို အကျိုးပြုပါသည်။ ပြည်နယ်/ တိုင်းဒေသကြီး အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(ည)**ဖြင့်ဖော်ပြအပ်ပါသည်။

**ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ကဏ္ဍအလိုက်ဆောင်ရွက်မှုအခြေအနေ**

| စဉ် | ကျေးရွာယူနစ် | လုပ်ငန်းအမျိုးအစား | အစုအဖွဲ့အရေအတွက် | ထောက်ပံ့ငွေ (ကျပ်သန်း) | အဖွဲ့မှထည့်ဝင်ငွေ (ကျပ်သန်း) | စုစုပေါင်း (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | ၃၆ | စိုက်ပျိုးရေးလုပ်ငန်း | ၄၂ | ၃၁၂.၀၀၀ | ၁၅၉.၃၄၆ | ၄၇၁.၃၄၆ |
| ၂ | | မွေးမြူရေးလုပ်ငန်း | ၈၀ | ၅၅၈.၀၀၀ | ၂၄၅.၂၄၄ | ၈၀၃.၂၄၄ |
| ၃ | | ကုန်ထုတ်လုပ်မှု | ၁၇ | ၂၁၀.၀၀၀ | ၇၀၃.၆၀၀ | ၉၁၃.၆၀၀ |
| | **စုစုပေါင်း** | | **၁၃၉** | **၁၀၈၀.၀၀၀** | **၁၁၀၈.၁၉၀** | **၂၁၈၈.၁၉၀** |

၅၄။ ဖော်ပြပါ အသက်မွေးဝမ်းကျောင်းအစုအဖွဲ့(၁၃၉)ဖွဲ့အနက် (၄၆)ဖွဲ့မှာ အကျိုးအမြတ်များရရှိနေပြီး စိုက်ပျိုးရေး (၂၆)ဖွဲ့မှ ငွေကျပ်(၂၁၆.၁၉၉)သန်းကို လည်းကောင်း၊ မွေးမြူရေး (၁၈) ဖွဲ့မှ ငွေကျပ်(၆၉.၇၉၄)သန်းကိုလည်းကောင်း၊ ကုန်ထုတ်လုပ်ငန်း(၂)ဖွဲ့မှ ငွေကျပ်(၁၁.၀၆၄)သန်းကို လည်းကောင်း စုစုပေါင်းငွေကျပ် (၂၉၇.၀၅၇)သန်း အကျိုးအမြတ်ရရှိခဲ့ပြီး အသင်းသူ/သားများအား ခွဲဝေပေးပြီးဖြစ်ပါသည်။

**Cash for Work စီမံကိန်း**

၅၅။ ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါနှင့် အခြားသောဘေးအန္တရာယ်များ၏ အကျိုးဆက်များကြောင့် လူမှုစီးပွားဘဝထိခိုက်ခံစားရသည့် ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသများရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်စေပြီး လုပ်အားခငွေပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများဝင်ငွေရရှိစေရန်နှင့် ကျေးရွာအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ Cash for Work စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၅၆။ ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေးနှစ်တွင် Cash for Work စီမံကိန်းကို မြို့နယ် (၁၉၂)မြို့နယ်၊ ကျေးရွာ (၂၂၀)ရှိ စီမံကိန်းလုပ်ငန်းခွဲ (၂၅၁) ခုအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စု (၀.၂၀၀)သိန်းစု၊ လုပ်သားဦးရေ (၁.၉၉၅) သိန်းဦးအား အကျိုးပြုနိုင်ခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် လုပ်ငန်းပြီးစီးမှုအခြေအနေအား **နောက်ဆက်တွဲ(ဋ)**ဖြင့်ပူးတွဲ ဖော်ပြအပ်ပါသည်။

**Cash for Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု**

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်(ခု) |
|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ၁၅၃ |
| ၂ | ကုန်ထုတ်လမ်းပြုပြင်ခြင်း | ၈ |
| ၃ | တံတားပြုပြင်ခြင်း | ၃ |
| ၄ | ရေရရှိရေး | ၂၉ |
| ၅ | ကျန်းမာရေးဆိုင်ရာအဆောက်အဦပြုပြင်ခြင်း | ၁ |
| ၆ | ပညာရေးဆိုင်ရာအဆောက်အဦပြုပြင်ခြင်း | ၄ |
| ၇ | ကျေးရွာအဆောက်အဦ | ၁၂ |
| ၈ | စိုက်ပျိုးရေး မွေးမြူးရေးအထောက်အကူပြုလုပ်ငန်း | ၅ |

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်(ခု) |
|---|---|---|
| ၉ | အခြား | ၃၆ |
| | **စုစုပေါင်း** | **၂၅၁** |

**လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project-NCDDP)**

၅၇။ လူထုဗဟိုပြုစီမံကိန်းသည် ဆင်းရဲသောကျေးလက်နေပြည်သူများအား ကျေးလက်အခြေခံ အဆောက်အအုံနှင့်ဝန်ဆောင်မှုများလက်လှမ်းမီရရှိစေရန်၊ အရေးပေါ်ကြုံတွေ့လာသောအခြေအနေ များတွင် လျှင်မြန်ထိရောက်စွာတုံ့ပြန်နိုင်ရန်၊ အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်၍ ပြည်သူဗဟိုပြုချဉ်းကပ်မှုနည်းလမ်းဖြင့် အောက်ပါလုပ်ငန်းများအားအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျေးလက်နေပြည်သူများမှ စိစစ်ရွေးချယ်ထားသော ကျေးလက်အခြေခံ အဆောက် အအုံများ ဆောင်ရွက်ရန်ငွေကြေးထောက်ပံ့ပေးခြင်း၊

( ခ ) ကျေးရွာများ၏အဓိကဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာစိစစ်ရွေးချယ် ပြီး စီမံချက်ရေးဆွဲကာကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဒေသခံ အာဏာပိုင်များနှင့်ပူးပေါင်းကာ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင် ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ ) အောက်ခြေပြည်သူလူထုအဆင့်တွင် ဆင်းရဲသော၊ ထိခိုက်လွယ်သော အမျိုးသား/ အမျိုးသမီးများအနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်း စက်ဝန်းတစ်လျှောက်တွင် ပူးပေါင်း ပါဝင် ဆောင်ရွက်လာနိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါသည်။

၅၈။ စီမံကိန်းအား ကမ္ဘာ့ဘဏ်၊ အီတလီအစိုးရ၊ Dept Swap၊ Foreign Commonwealth and Development Office (FCDO)၊ နိုင်ငံတော်အစိုးရထည့်ဝင်ငွေ၊ ဂျပန်အစိုးရတို့မှ ချေးငွေ၊ ထောက်ပံ့ ငွေတို့ဖြင့် စီမံကိန်းမြို့နယ် (၆၃) မြို့နယ်၌ ၂၀၁၃-၂၀၁၄ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘတ်ဂျက် ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

၅၉။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် (၁၁)မြို့နယ်၊ ကျေးရွာ(၄၁၉)ရွာတွင် ဖွံ့ဖြိုးရေး လုပ်ငန်းပေါင်း(၄၂၀)ခုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသ

ကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(၃)**ဖြင့် ဖော်ပြအပ်ပါသည်။

**လူထုဗဟိုပြုစီမံကိန်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု**

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်(ခု) |
|---|---|---|
| ၁ | လမ်း | ၁၈၆ |
| ၂ | တံတား | ၁၇ |
| ၃ | ပညာရေး | ၃ |
| ၄ | ကျန်းမာသန့်ရှင်းရေး | ၃ |
| ၅ | ရေရရှိရေး | ၁၃ |
| ၆ | မီးလင်းရေး | ၁၆၂ |
| ၇ | အခြားအဆောက်အဦ | ၁ |
| ၈ | ကျေးရွာအဆောက်အဦ | ၂၆ |
| ၉ | အခြား | ၉ |
| | **စုစုပေါင်း** | **၄၂၀** |

**အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း**

၆၀။ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်များမြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဒေသလိုအပ်ချက်နှင့်ကိုက်ညီမှု၊ ဈေးကွက်သို့တင်ပို့နိုင်မှုများ စသည့်အချက်များပေါ်မူတည်၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ကို သင်ကြားပို့ချပေးလျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၇) မျိုးအား အကြိမ်အရေအတွက် (၆၇၅) ကြိမ်ဖြင့် သင်တန်းသား (၁၄၂၀၅)ဦးကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အဆိုပါသင်တန်းသားများအနက်မှ လုပ်ငန်းခွင် ပြန်လည်အသုံး ချနိုင်သူ ဦးရေ (၈၂၃၄) ဦးရှိခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၅၈%) အလုပ်လုပ်ကိုင်ခွင့်ရရှိစေခဲ့ ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ (၃)**ဖြင့် ဖော်ပြအပ်ပါသည်။

## ကျေးလက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်နိုင်မှုအခြေအနေ

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းဖွင့်လှစ်မှု | | အလုပ်အကိုင်ရရှိမှု |
|---|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ | |
| ၁ | စိုက်ပျိုးရေးသင်တန်း | ၆၉ | ၁၆၂၀ | ✶ ကုမ္ပဏီ - ၁၅၁ ဦး<br>✶ ပုဂ္ဂလိက - ၁၆၈၃ ဦး<br>✶ ကိုယ်ပိုင် - ၆၄၀၀ ဦး |
| ၂ | မွေးမြူရေးနှင့် ကုသရေးဆိုင်ရာသင်တန်း | ၂၄ | ၈၅၇ | |
| ၃ | ကွန်ပျူတာဆိုင်ရာသင်တန်း | ၁၅ | ၃၃၁ | |
| ၄ | လက်သမား/ပန်းရံသင်တန်း | ၉၁ | ၁၈၃၀ | |
| ၅ | ဒီဇယ်/လျှပ်စစ်ဆိုင်ရာသင်တန်း | ၇၈ | ၁၅၇၉ | |
| ၆ | အိမ်တွင်းမှုသင်တန်း | ၂၁၀ | ၄၃၂၂ | |
| ၇ | အခြားသင်တန်း | ၁၈၈ | ၃၆၆၆ | |
| | **စုစုပေါင်း** | **၆၇၅** | **၁၄၂၀၅** | **၈၂၃၄** |

### ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း

၆၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး အတွက် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၈)မျိုးအား အကြိမ်အရေ အတွက် (၁၃၉)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး သင်တန်းသား(၃၄၇၆)ဦးအား စွမ်းဆောင်ရည်မြှင့်တင်ပေးခဲ့ ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေ အနေအား **နောက်ဆက်တွဲ(ခ)**ဖြင့် ဖော်ပြအပ်ပါသည်။

## ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်မှုအခြေအနေ

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းဖွင့်လှစ်မှု | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁ | လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုသင်တန်း | ၅ | ၈၂ |
| ၂ | အင်ဂျင်နီယာဆိုင်ရာသင်တန်းများ(ရေပေးရေး/ မီးလင်းရေး/GIS) | ၆၆ | ၁၉၇၈ |
| ၃ | ဘဏ္ဍာရေးဆိုင်ရာသင်တန်း | ၉ | ၁၆၀ |
| ၄ | လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်သင်တန်း | ၄၄ | ၉၂၉ |
| ၅ | VDP သင်တန်း | ၃ | ၇၅ |

| စဉ် | သင်တန်းအမျိုးအစား | သင်တန်းဖွင့်လှစ်မှု | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၆ | မြစိမ်းရောင်သင်တန်း | ၅ | ၉၁ |
| ၇ | RBF သင်တန်း | ၂ | ၉၁ |
| ၈ | အခြားသင်တန်း | ၅ | ၇၀ |
| | **စုစုပေါင်း** | **၁၃၉** | **၃၄၇၆** |

## ပြည်ပနိုင်ငံများသို့ မဟာဘွဲ့၊ လေ့လာရေးနှင့် ဆွေးနွေးပွဲ တက်ရောက်ရန်စေလွှတ်မှု

၆၂။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးဆိုင်ရာ အသိပညာ၊ နည်းပညာများအား ရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ ပညာသင် စေလွှတ်ခြင်းနှင့် ဆွေးနွေးပွဲများတက်ရောက်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် စင်္ကာပူနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံစသည့် နိုင်ငံပေါင်း(၆)နိုင်ငံသို့ အရာထမ်း(၃၃)ဦးနှင့် အမှုထမ်း(၃)ဦး တို့အား စေလွှတ်နိုင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### ပြည်ပနိုင်ငံများသို့ ဝန်ထမ်းများ စေလွှတ်နိုင်ခဲ့မှု

| စဉ် | အကြောင်းအရာ | စေလွှတ်ခဲ့သည့်ဦးရေ | |
|---|---|---|---|
| | | အရာထမ်း | အမှုထမ်း |
| ၁ | ပညာတော်သင်စေလွှတ်ခြင်း | ၉ | ၂ |
| ၂ | ဆွေးနွေးပွဲတက်ရောက်ခြင်း | ၂၄ | ၁ |
| | **စုစုပေါင်း** | **၃၃** | **၃** |

## ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၃။ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ၏နည်းပညာအကူအညီနှင့် ဘဏ္ဍာငွေအထောက်အပံ့များလိုအပ်လျက်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအနေဖြင့် ချေးငွေဖြင့် စီမံကိန်း(၂)ခု၊ ထောက်ပံ့ငွေဖြင့် စီမံကိန်း(၈)ခု၊ စီမံကိန်းစုစုပေါင်း(၁၀)ခုကို လျာထားဆောင်ရွက်ခဲ့ပါသည်။

## ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ

| စဉ် | အဖွဲ့အစည်း အမည် | စီမံကိန်းအမည် | သုံးစွဲငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | Helvetas Swiss | ဖွံ့ဖြိုးပဒေသာ-(၁) အစီအစဉ် | ၁၃၈၂.၈၃၉ |
| ၂ | Japan International Cooperation Agency | ဆင်းရဲမှုလျော့ချရေးအတွက် ဒေသတွင်းဖွံ့ဖြိုးမှု စီမံကိန်း (အဆင့်-၂) | ၃၆၂၈.၃၉၂ |
| ၃ | | ဒေသတွင်းအခြေခံအဆောက်အအုံဖွံ့ဖြိုး တိုးတက် ရေးစီမံကိန်း(မြို့ရေရရှိရေး) | JICA မှရန်ပုံငွေ မလွှဲ ပေးနိုင်သည့် အတွက် လျာထား ဆောင်ရွက် နိုင်ခြင်းမရှိသေးပါ။ |
| ၄ | UNICEF | သဘာဝဘေးပြန်လည်ထူထောင်ရေး၊ ရေနှင့် ကျန်းမာသန့်ရှင်းရေးစီမံကိန်း | ၁၀၀၀.၀၀၀ |
| ၅ | Mekong-Lancang | မဲခေါင်-လန်ချန်းနိုင်ငံများအတွင်း ကျေးရွာအဆင့် ဆင်းရဲမှုလျော့ချရေးဆိုင်ရာ စံပြကျေးရွာထူ ထောင်ခြင်းစီမံကိန်း | ၉၈.၇၈၄ |
| ၆ | Mekong-Lancang | ပြည်သူအခြေပြု ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေ တိုင်စနစ်ပါဝင်သော ကျေးရွာရေရရှိရေးစီမံကိန်း | ၁၈၂.၀၄၃ |
| ၇ | Mekong-Lancang | ကံမော်ကြီးကျေးရွာ အသေးစားဓါတ်အားပေး စနစ်နှင့် ရေပေးဝေရေးစနစ်လုပ်ငန်း ဆောင်ရွက် ခြင်း စီမံကိန်း | ၅၁၉.၅၄၂ |
| ၈ | Mekong-Lancang | ရေငံကြီးကျေးရွာ အသေးစားဓါတ်အားပေးစနစ် နှင့် ရေပေးဝေရေးစနစ်လုပ်ငန်းဆောင်ရွက်ခြင်း စီမံကိန်း | ၅၇၂.၁၁၂ |
| ၉ | Habitat For Humanity International Myanmar | လူထုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၃၃၂.၃၇၆ |
| ၁၀ | Oxfam | တို့ပြန်နိုင်စွမ်းအား ကောင်းမွန်သောအသက်မွေး ဝမ်းကျောင်းလုပ်ငန်းများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးစီမံကိန်း | ၈၂၄.၀၀၉ |

## ထူးခြားစွာဆောင်ရွက်နိုင်မှုများ

## အလျင်အမြန်အောင်မြင်မှု (Quick Win) အစီအစဉ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ

၆၄။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အလျင်အမြန်အောင်မြင်မှု (Quick Win) အစီအစဉ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်း(၄)ခုအား စုစုပေါင်းခန့်မှန်းကုန်ကျ ငွေကျပ် (၅၁၉၇.၈၅၂) သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။

၆၅။ ရခိုင်ပြည်နယ်အတွင်း ကုန်ထုတ်လမ်းနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများအား ခန့်မှန်းကုန်ကျငွေကျပ် (၁၀၀၀.၀)သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီး မြို့နယ်(၆) မြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်း ၅ လမ်း (၂/၆.၇၂ မိုင်)၊ ကုန်ထုတ်တံတား/ရေပြွန် (၅)စင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း (၈)ခုအား ကုန်ကျငွေကျပ်(၉၈၀.၀၂၉)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၆၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အဆိုပြုချက်အရ ဆောင်ရွက်မည့် လုပ်ငန်းများအား ခန့်မှန်းကုန်ကျငွေကျပ် (၁၁၂၇.၈၅၂)သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး ပလောင်နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွင်းရှိ မြို့နယ် (၅) မြို့နယ်တွင် ကျေးလက်ကုန်ထုတ်လမ်း ၂ လမ်း (၈/၀မိုင်)၊ ကုန်ထုတ်တံတား/ရေပြွန် (၁၅)စင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်း (၁၀)ခုအား ကုန်ကျငွေကျပ် (၁၁၂၀.၇၉၆)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၆၇။ စနစ်ကျလယ်ယာမြေကောက်ဖော်ထုတ်ရေးအတွက် လိုအပ်သည့်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများအား ခန့်မှန်းကုန်ကျငွေကျပ်(၇၀.၀၀)သန်းဖြင့် ဆောင်ရွက်ရန်လျာထားပြီး ကုန်ထုတ်လမ်း ၁ လမ်း(၁/၅.၈၃ မိုင်)နှင့် ရေနုတ်မြောင်း(၂/၁.၇မိုင်)အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

၆၈။ ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေး စီမံကိန်းဒေသများတွင်လိုအပ်သည့် ဆိုလာစွမ်းအင်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်းများအား ခန့်မှန်းကုန်ကျငွေကျပ် (၂၅၀၀)သန်းနှင့် ကုန်ထုတ်လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ခန့်မှန်းကုန်ကျငွေကျပ် (၅၀၀)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ်(၃၀၀၀)သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်လျာထားပြီး ပြည်နယ်/တိုင်းဒေသကြီး (၁၁)ခုရှိ မြို့နယ်(၃၈)မြို့နယ်တွင် ဆိုလာစွမ်းအင်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်း (၁၁၁)ခုအား ကုန်ကျငွေကျပ် (၂၄၅၁.၀၉၄)သန်းဖြင့်လည်းကောင်း၊ ပြည်နယ်/တိုင်းဒေသကြီး (၇)ခုရှိ မြို့နယ်(၉)မြို့နယ်တွင် ကုန်ထုတ်လမ်း (၁၀)လမ်း(၈/၄ မိုင်)နှင့် ကုန်ထုတ်တံတား (၁၈)စင်းအား ကုန်ကျငွေကျပ် (၄၉၇.၃၉၄) သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

## အလျင်အမြန်အောင်မြင်မှု(Quick Win)အစီအစဉ်ဖြင့် ဆောင်ရွက်မှုအခြေအနေ

| စဉ် | အကြောင်းအရာ | လမ်း (မိုင်/ဖာလုံ) | တံတား (စင်း) | ရေပေး ရေး(ခု) | ဆိုလာရေ တင် စနစ်(ခု) | ရေနုတ် မြောင်း (မိုင်) | ကုန်ကျငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|---|
| ၁ | ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှု | ၂/၆.၇၂ | ၅ | ၈ | | | ၉၈၀.၀၂၉ |
| ၂ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တွင်းဆောင်ရွက်မှု | ၈/၀ | ၁၅ | ၁၀ | | | ၁၁၂၀.၇၉၆ |
| ၃ | စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း | ၁/၅.၈၃ | | | | ၂ | ၇၀.၀၀၀ |
| ၄ | ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုး ရေး | ၈/၄ | ၁၈ | | ၁၁၁ | | ၂၉၄၈.၄၈၈ |
| | **စုစုပေါင်း** | **၂၁/၀.၅၅** | **၃၈** | **၁၈** | **၁၁၁** | **၂** | **၅၁၁၉.၃၁၃** |

### ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်

၆၉။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ စားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း တောင်သူများလိုအပ်သည့် သွင်းအားစုများဝယ်ယူနိုင်ရန်နှင့် စိုက်ပျိုးစရိတ်များ သုံးစွဲနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျေးရွာယူနစ်(၄၉၇)ယူနစ် မတည်ရန်ပုံငွေကျပ်(၇၄၄၀.၀၀၀)သန်းဖြင့် ကျေးရွာပေါင်း(၅၀၁)ရွာအား ရန်ပုံငွေများ ထုတ်ချေးပေးခြင်း၊ ဆီထွက်သီးနှံစိုက်ပျိုးသည့်ဒေသများတွင် လိုအပ်သောစိုက်ပျိုးရေရရှိနိုင်ရေးအတွက် ဆိုလာစနစ်သုံး စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို မြို့နယ်(၄၂)မြို့နယ်ရှိ ကျေးရွာ(၉၀)ရွာတွင် လုပ်ငန်းပေါင်း(၁၂၂)ခုအား ကုန်ကျငွေကျပ်(၂.၆၆၉)ဘီလီယံဖြင့် အကျိုးပြုစိုက်ပျိုးဧက(၃၉၄၃.၅)ဧကအား ဆောင်ရွက်ပေးခြင်းနှင့် ထုတ်ကုန်များသယ်ယူပို့ဆောင် ရေးလွယ်ကူ မြန်ဆန်စေရန်အတွက် ကုန်ထုတ်လမ်းတံတားများဖောက်လုပ်ပေးခြင်းကို ကျေးရွာ(၁၀)ရွာတွင် ကုန်ထုတ်လမ်းမိုင်(၁၂/၄)မိုင်နဲ့ ကုန်ထုတ်တံတား(၁၆) စင်း အကျိုးပြုစိုက်ပျိုးရေးဧက(၁၅၇၉)ဧက တို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား **နောက်ဆက်တွဲ(ဏ)**ဖြင့် ဖော်ပြအပ်ပါသည်။

## ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေ

| စဉ် | အမျိုးအစား | ကျေးရွာ | ယူနစ် | ထောက်ပံ့ငွေ (ကျပ်သန်း) |
| --- | --- | --- | --- | --- |
| ၁ | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ၅၀၁ | ၄၉၇ | ၇၄၄၀.၀၀၀ |
| **စဉ်** | **အမျိုးအစား** | **ရေသွင်းစနစ်** | **ရေဖြန်းစနစ်** | **အကျိုးပြုဧက** |
| ၂ | ဆိုလာစနစ်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်း | ၅၇ | ၆၅ | ၃၉၄၃.၅ |
| **စဉ်** | **အမျိုးအစား** | **မိုင်/ဖာလုံ** | **စင်း** | **အကျိုးပြုဧက** |
| ၃ | ကျေးလက်ကုန်ထုတ်လမ်းတံတား | ၁၂/၄ | ၁၆ | ၁၅၇၉ |

## ရှမ်းပြည်နယ်၏ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအစီအစဉ်

၇၀။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်ဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးကောင်း မွန်သည့် ဒေသထွက်ကော်ဖီများတိုးမြှင့်ထုတ်လုပ်လာစေရန်၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ တန်ဘိုးမြှင့် ကော်ဖီထုတ်ကုန်များ တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ကော်ဖီစိုက်တောင်သူများ ဝင်ငွေတိုးပွားပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ **"ရှမ်းပြည်နယ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသမဝါယမအသင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်"** ကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၇၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သမဝါယမအသင်းများ၏ ဒုတိယအကြိမ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ကော်ဖီသီးလုံးစို ဝယ်ယူ၊ ကြိတ်ခွဲ၊ ထုတ်လုပ် ရောင်းချရာတွင် ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် အသင်းရန်ပုံငွေများ၊ အစုအဖွဲ့ရန်ပုံငွေများ၊ မြစိမ်းရောင်အသင်းသူ/သားများ၏ အစုရှယ်ယာများ၊ သမအသင်း/အစုအဖွဲ့(၅)သင်း၏ အစုရှယ်ယာများ၊ နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းမှ ရင်းနှီးမတည်ငွေများ၊ ကော်ဖီခွဲခြမ်း ဝယ်ယူမည့် လုပ်ငန်းရှင်များထံမှ ကြိုတင်ရယူငွေများ၊ ပြင်ပချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။

၇၂။ ကော်ဖီလုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန် ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်(၃၅)သိန်းနှင့် မြသရဖူအသင်းနှင့် မြစ်ဖျားပန်းလောင်အသင်း (၂)သင်း ထည့်ဝင်ငွေ ကျပ် (၄၃.၄၃)သိန်း စုစုပေါင်း ငွေကျပ် (၇၈.၄၃) သိန်းဖြင့် သီးလုံးစိုအခွံချွတ်စက် (၂) လုံးနှင့် အခြောက်အခွံချွတ်စက် (၁)လုံးတို့အား ဝယ်ယူခဲ့ပါသည်။

၇၃။ သမဝါယမအသင်း(၅)သင်း၏ ကော်ဖီသီးလုံးစို ဝယ်ယူကြိတ်ခွဲ ထုတ်လုပ်ရောင်းချနိုင်မှုနှင့် အကျိုးအမြတ်တိုးပွားရရှိမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**ကော်ဖီသီးလုံးစို ဝယ်ယူကြိတ်ခွဲထုတ်လုပ်ရောင်းချမှုအခြေအနေ**

| စဉ် | သမအသင်း | ဝယ်ယူပြီးပမာဏ(တန်) | | |
|---|---|---|---|---|
| | | သီးလုံးစို | ခွဲခြမ်း | အဆံ |
| ၁ | ရွှောင်မြို့နယ်သမဝါယမအသင်းစု | ၃၂၁.၈၆၆ | ၇၂.၈၈၉ | |
| ၂ | ကောင်းထက်ဟိန်း | ၇၀.၆၄၈ | ၁၆.၃၂၇ | |
| ၃ | ရွှေသိင်္ဂီကော်ဖီအသင်းစု | ၃၄.၅၆၅ | ၈.၂၂၉ | ၄.၂၈ |
| ၄ | မြသရဖူ | ၉.၅၄၅ | ၂.၀၄ | |
| ၅ | မြစ်ဖျားပန်းလောင် | ၂၀.၈၈၃ | ၄.၆၄၀ | |
| | **စုစုပေါင်း** | **၄၅၇.၅၁** | **၁၀၄.၁၃** | **၄.၂၈** |

**အကျိုးအမြတ် တိုးပွားရရှိမှုအခြေအနေ**

| စဉ် | သမအသင်း | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ကျပ်သိန်း) | ၂၀၂၁-၂၀၂၂ (၆)လဘဏ္ဍာနှစ် (ကျပ်သိန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ကျပ်သိန်း) |
|---|---|---|---|---|
| ၁ | ရွှောင်မြို့နယ်သမဝါယမအသင်းစု | ၃၁.၇၀ (၁ ဆ) | ၂၁၈.၂၅ (၆.၉ ဆ) | ၅၉၀.၂၅၀ (၁၈.၆၂ ဆ) |
| ၂ | ကောင်းထက်ဟိန်း | ၃.၀၈ (၁ ဆ) | ၈၁.၅၀ (၂၆.၄၆ ဆ) | ၁၉၉.၄၈၀ (၆၄.၇၇ ဆ) |
| ၃ | ရွှေသိင်္ဂီကော်ဖီအသင်းစု | ၆၉.၃၀ (၁ ဆ) | ၁၂၄.၀၉ (၁.၈ ဆ) | ၂၄၃.၆၉၀ (၃.၅၂ ဆ) |
| ၄ | မြသရဖူ | ၄.၅၀ (၁ ဆ) | ၁၀.၇၇ (၂.၃၉ ဆ) | ၁၇.၀၉၀ (၃.၇၉ ဆ) |

| စဉ် | သမအသင်း | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ကျပ်သိန်း) | ၂၀၂၁-၂၀၂၂ (၆)လဘဏ္ဍာနှစ် (ကျပ်သိန်း) | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ကျပ်သိန်း) |
|---|---|---|---|---|
| ၅ | မြစ်ဖျားပန်းလောင် | ၁၂.၀၀ (၁ ဆ) | ၃၅.၀၀ (၂.၉ ဆ) | ၄၀.၃၇၅ (၃.၃၆ ဆ) |
| | **စုစုပေါင်း** | **၁၂၀.၅၈ (၁ ဆ)** | **၄၆၉.၆၁ (၃.၈၉ ဆ)** | **၁၀၉၀.၈၉ (၉.၀၅ ဆ)** |

**တော်ဝင်မိုင်းယောင်းအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဆောင်ရွက်မှုအခြေအနေ**

၇၄။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မိုင်းယောင်းဒေသအတွင်း ဆန်ဖူလုံစေရေးအတွက် နန့်ယွန်းကျေးရွာတွင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော တော်ဝင်မိုင်းယောင်းအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ဖွဲ့စည်း၍ တန်(၃၀)ကျဆန်စက် ထူထောင်နိုင်ရေးအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ကျပ်သန်း(၆၀) မတည်ပေးခဲ့ပါသည်။

၇၅။ ယင်းဆန်စက်အား လည်ပတ်ခဲ့ရာ ယနေ့အထိ စပါး (၂၆၂၂၀)တင်း ကြိတ်ခွဲခဲ့ပြီး ဆန်သန့် (၁၀ မတ်) (၆၉၃၉.၃၇၅) တင်း၊ ဆန်ကွဲ (၂၈၃၅.၇၅)တင်း၊ ဖွဲနု (၄၅၁၄၂.၅) ကီလိုဂရမ်၊ ဖွဲကြမ်း (၉၃၁၂.၅) ကီလိုဂရမ်၊ လုံးတီးဆန် (၇၇၉.၆၂၅) တင်းနှင့် စပါးခွံ (၁၃၄၁၉၃) ကီလိုဂရမ် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**မြေဩဇာများ တင်သွင်းဖြန့်ဖြူးရောင်းချမှု**

၇၆။ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးအတွက်တောင်သူများလိုအပ်လျက်ရှိသော စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာသွင်းအားစုများဖြစ်သည့်မြေဩဇာများကိုဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်လျက်ရှိရာ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများရှိ လုပ်ငန်းကြီးကြပ်မှုကော်မတီများ၊ Consortium အဖွဲ့များနှင့်ပူးပေါင်းကာ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနည်းလမ်းဖြင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်တောင်သူများ၏လိုအပ်ချက်နှင့်ကိုက်ညီသည့်အရည်အသွေးပြည့်မီသောမြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့်ဝယ်ယူရရှိနိုင်ရေး ပြည်နယ်/တိုင်းဒေသကြီးကျေးလက်ဦးစီးဌာနများသို့ လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ လုပ်ငန်း

ကြီးကြပ်မှုကော်မတီများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ မြို့နယ်အရောင်းဆိုင်များသို့မြေသြဇာရောက်ရှိမှု၊ ရောင်းချမှုအခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၇၈။ (၁၀.၆.၂၀၂၂) ရက်နေ့မှစတင်ကာ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှလွဲ၍ ကျန်ပြည်နယ်/တိုင်းဒေသကြီး (၁၂) ခုရှိ မြို့နယ်ပေါင်း (၁၂၄) မြို့နယ်တွင် မြေသြဇာများကို ဖြန့်ဖြူးရောင်းချနိုင်ရေးချိတ်ဆက်ဆောင်ရွက်ပေးခဲ့ရာ (၉.၅.၂၀၂၃) ရက်နေ့ထိ မြေသြဇာအိတ်ပေါင်း (၅၉၀,၂၀၆) အိတ်၊ တန်ချိန် (၂၉,၅၁၀.၃) တန်အား တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီး တောင်သူဦးရေ(၅၅,၂၂၃)ဦးအား အကျိုးပြုစေခဲ့ပါသည်။

## အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုများ

၇၉။ အာဆီယံရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဖိလစ်ပိုင်နိုင်ငံဆင်းရဲမှုပပျောက်ရေးကော်မရှင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းကာအာဆီယံနိုင်ငံများရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအား အသိအမှတ်ပြုရန်နှင့် အစိုးရ-ပုဂ္ဂလိက-ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာစေ ရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၅) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာခေါင်းဆောင်မှု အရည်အချင်းဆုပေးပွဲအခမ်းအနားကို မြန်မာနိုင်ငံ၏ AMRDPE Focal Point ဖြစ်သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် SOMRDPE Focal Point ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များတက်ရောက်ကာ မြန်မာနိုင်ငံ၏ မီးလင်းရေးလုပ်ငန်းကဏ္ဍများတွင် ထူးချွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည့် Mega Global Green Automation Co.,Ltd နှင့် Techno-Hill Engineering Co.,Ltd တို့အား ခေါင်းဆောင်မှုအရည်အချင်းဆု ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

၈၀။ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The National Rrual Reviatlization Administration မှ အိမ်ရှင်အဖြစ်လက်ခံ၍ video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၁၆) ကြိမ်မြောက် အာဆီယံ-တရုတ် လူမှုဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဖိုရမ်သို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စား

လှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးမှ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်မူဘောင် ၂၀၂၁-၂၀၂၅ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းကို ၂၀၂၁ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၈၁။ ကမ္ဘောဒီးယားနိုင်ငံ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှကြီးမှူးကာ(၇.၇.၂၀၂၂) ရက်နေ့မှ (၉.၇.၂၀၂၂)ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုဖိုရမ်သို့ SOMRDPE Focal Point ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း တက်ရောက်ခဲ့ပြီး **ကျေးလက်အသွင်ကူးပြောင်းရေးအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်း ခေါင်းစဉ်**ဖြင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရန်မျှော်မှန်း၍ လူနေမှုအဆင့်အတန်းမြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းကာ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကိုအားပေးသည့် ခေတ်မီစံပြကျေးရွာထူထောင်နိုင်ရန်မျှော်မှန်းကာ ကျေးလက်အခြေခံဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေရေးနှင့် နည်းပညာဖြန့်ဖြူးရေးလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပါသည်။

၈၂။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့နှင့် နှင့် (၃၁) ရက်နေ့တွင် ဗီယက်နမ်နိုင်ငံမှ ဥက္ကဋ္ဌအဖြစ်ကြီးမှူးကာ ဗီယက်နမ်နိုင်ငံ၊ ဟန္လိုင်းမြို့တွင်ကျင်းပပြုလုပ်ခဲ့သည့် ကျေးရွာတစ်ရွာထုတ်ကုန် တစ်မျိုးအတွက် အာဆီယံကျေးလက် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ၊ (၁၁) ကြိမ်မြောက် အာဆီယံ ပြည်သူ- ပုဂ္ဂလိက-အစိုးရ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (11th ASEAN PPPP Forum on RDPE)၊ (၁၉) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေး (19th SOMRDPE) နှင့် (၁၅) ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေး (15th SOMRDPE +3) တို့ကိုမြန်မာနိုင်ငံ၏ SOMRDPE Focal Point ဖြစ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး RDPE လုပ်ငန်းစီမံချက်မူဘောင် (၂၀၂၁-၂၀၂၅)ပါ စီမံကိန်း အစီအစဉ်များ၊ ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အခြေအနေများ၊ အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးပင်မစီမံချက်ရေးဆွဲ ဆောင် ရွက်နေမှု အခြေအနေများဆွေးနွေးခဲ့ပါသည်။

၈၃။ ၂၀၂၂ ခုနှစ်အတွင်းတွင် အစည်းအဝေးများအနေဖြင့် အောက်ဖော်ပြပါ အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပါသည်-

